# ရှေ့လျှောက်ခြေလှမ်းများ

လူတိုင်း တစ်စုံတစ်ယောက်ကို တပည့်တော်ဖြစ်စေခြင်း

*Dr. Casey A. Butner*

ဒေါက်တာ.ကာစီ အေ. ဘတ်နာ

Independently published

© 2023 Casey A. Butner. All rights reserved.

No part of this book may be reproduced, stored in a retrieval system, or transmitted by any means without the written permission of the author.

Scripture quotations taken from the New American Standard Bible®, Copyright © 1960, 1962, 1963, 1968, 1971, 1972, 1973, 1975, 1977, 1995 by The Lockman Foundation. Used by permission. www.Lockman.org

ISBN: 9798388566690

Printed in the United States of America This book is printed on acid-free paper.

First Edition

မာတိကာ

မိတ်ဆက်ခြင်း ၅

နိဒါန်း ၇

| | | |
|---|---|---|
| ၁။ ပထမခြေလှမ်း | ယုံကြည်ခြင်း | ၁၉ |
| | | |

| | | |
|---|---|---|
| ၂။ဒုတိယခြေလှမ်း | ရေနှစ်ခြင်းမင်္ဂလာ | ၃၅ |
| ၃။တတိယခြေလှမ်း | ပို့ဆောင်ခြင်း | ၄၅ |
| ၄။စတုတ္ထခြေလှမ်း | သမ္မာကျမ်းစာ | ၅၉ |
| ၅။ပဉ္စမခြေလှမ်း | တုတ်တံ | ၇၃ |


**မိတ်ဆက်ခြင်း**

ကျွန်ုပ်၏အမည်မှာ ကာစီဘတ်နာ ဖြစ်ပါတယ်။ ဤ *ရှေ့လျှောက်ခြေလှမ်းများ* စာအုပ်ကို ရွေးချယ်ပေးသောကြောင့် ကျေးဇူးတင်ပါသည်။ ဤစာအုပ်အကြောင်းကို သင်အား ဝေမျှနိုင်သည့်အတွက် ကျွန်ုပ် အလွန်ဝမ်းသာပါသည်။

ကျွန်ုပ်၏သင်းအုပ်သာသနာပြုခြင်းတွင်၊ အပြစ်ကြောင့် ပြိုကွဲခြင်းနှင့် ပျက်စီးခြင်း ခံရသော လူများ/မိသားစုများ မြင်တွေ့ရခြင်းအတွက် ကျွန်ုပ် စိတ်နှလုံး အလွန်ပင် ဝမ်းနည်း ကြေကွဲ မိပါသည်။ သူတို့၏ဘဝများက *"ငါ့လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏"* ဟူသောကျမ်းပိုဒ်ကဲ့သို့ ဖြစ်နေသည် (ဟောရှေ ၄:၆)။

ယေရှုသည် လူများအပေါင်းတို့ကို တွေ့မြင်သည့်အခါ *"ထိုသူတို့သည် ထိန်းသူမရှိ၊ ပစ်ထားသောသိုးကဲ့သို့ ဖြစ်ကြသည်ကို သနားခြင်းစိတ်တော်ရှိ၍ များစွာသော ဆုံးမသြဝါဒကို ပေးတော်မူ၏"* (မာကု ၆:၃၄)။

*"ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။*

*အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြု လျှင်၊ အဘယ်သူမျှ ခမည်းတော်ထံ သို့ မရောက်ရ*'' ဟု မိန့်တော်မူ ခဲ့သည် (ယော ၁၄:၆)။ သခင်ယေရှုသာလျှင် စိတ်နှလုံးကြေကွဲသူများအဖို့ ချမ်းသာ ပျောက် ကင်းစေခြင်း၊ အကျဉ်းသားများ အား လွတ်မြောက်စေခြင်း၊ မျက်ကန်း များအဖို့ အလင်းရှင်နှင့် ဖွံ့ဖြိုးခံရသော သူများအဖို့ လွတ်ငြိမ်းခွင့်၊ ဝိညာဉ်ရေး ဆိုင်ရာ ယိုယွင်းပျက်စီးနေသူများအဖို့ ကယ်တင်ခြင်း သတင်းကောင်းကို ယူဆောင်ပေးနိုင်သူ ဖြစ်သည်။ ယေရှု ခရစ်သာလျှင် လူတို့အား ဘုရားသခ င်၏ စိတ်တော်နှင့် တွေ့ဆုံပေးနိုင်သ ည် (လုကာ ၄:၁၈-၁၉)။

အခြားသူများသည် သခင် ယေရှု၏အကြောင်း ဟောပြောသွန်သင် ခြင်း၌ အကူအညီ ဖြစ်စေဖို့ *ရှေ့လျှောက် ခြေလှမ်းများ* စာအုပ်ကို ကျွန်ုပ် ရေးသားရ ခြင်းဖြစ်သည်။ အခြား သူများအား ကယ်တင်ရှင်ခရစ်တော်အကြောင်း သင်ကြားပေးခြင်းနှင့် သခင့်ခြေလှမ်း များ အတိုင်း နောက်တော်သို့ မည်သို့ လိုက်လျှောက်ရမည်ကို ညွှန်ပြပေးခြင်းက တပည့်တော်ဖြစ် စေခြင်းဖြစ်သည်။

ခင်ပွန်းသည်များသည် မိမိ တို့၏ဇနီးများအား တပည့်တော်ဖြစ်စေ နိုင်သည်။ မိသား စုများသည် ၎င်း တို့၏သား/သမီးများနှင့် မြေးများအား တပည့်တော်ဖြစ်စေနိုင်သည်။ တစ်ဦး တစ်ယောက်ချင်းကလည်း ၎င်း တို့၏အသင်းဝင်ဖက်များ၊ အိမ်းနီးချင်း များ၊ လုပ်ဖော်ကိုင်ဖက် များနှင့် မိတ်ဆွေများအား တပည့်တော်ဖြစ်စေ နိုင်သည်။

*ရှေ့လျှောက်ခြေလှမ်းများ* စာအုပ် ကို ချစ်ခြင်းမေတ္တာဖြင့် အစေခံ ရေးသား ထားခြင်း ဖြစ်သည်။ ဤတပည့်တော် ဖြစ်စေခြင်း လက်စွဲစာအုပ်ကို ကျွန်ုပ်၏သင်းအုပ်သာသနာပြု နေစဉ် ကာလ တလျှောက် ရေးသား၊ ပြင်ဆင်မှု များကို အကြိမ်ပေါင်းများစွာ လုပ်ဆောင် ခဲ့ ပါသည်။ သခင်ယေရှုကို မိတ်ဆက်ပေး

ခြင်းနှင့် နှုတ်ကပတ်တော်အတူကတွ
လေ့လာကြခြင်း အားဖြင့် ရေတွက်မရနိုင်
သော များစွာသောလူတို့၏အသက်တာ
တို့ ပြောင်းလဲလာကြသည်ကို ကျွန်ုပ်
မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြီး ဖြစ်သည်။
ခရစ်တော်၏နောက်သို့လိုက်ခြင်းနှ
င့် တပည့်တော်များဖြစ်စေခြင်း
သာသနာ၌ သင် သည် ကျွန်ုပ်နဲ့
ပူးပေါင်းပါဝင်မည်လား။

**နိဒါန်း**

ယေရှုက “ငါ့နောက်သို့ လိုက်
လော့” ဟူ၍ မိန့်တော်မူခဲ့သည် (မာ
က ၁:၁၇)။ ဤအ ရာက အမိန့်ဖြစ်ပြီး၊
တိုက်တွန်းအကြံပြုချက် မဟုတ်ပါ။ ထို့

ကြောင့်၊ ခရစ်ယာန်ဖြစ်ခြင်းနှင့် သခင်ယေရှု၏ နောက်သို့လိုက်ခြင်း တို့၏အကြောင်းအရင်း အဓိပ္ပာယ်တူရခြင်း ဖြစ်ပါသည်။ သို့သော်၊ လက်တွေ့လုပ်ဆောင်ခြင်းထက် အပြောက ပိုလွယ်နေတတ်သော ဤလောကဌာန်းပတ်ဝန်းကျင်၏ ဆက်ကပ်မှုက ယှဉ်ပြိုင်မှုပြင်းထန်နေတတ်သည်။ ခရစ်တော်နောက် လိုက်ခြင်း ဆိုသည်မှာ ကိုယ်တော်၏ခြေလှမ်းများအတိုင်း လျှောက်လှမ်းပြီး၊ ကျွန်ုပ်တို့၏ အသက်တာကို ကိုယ်တော်၏ပုံစံအတိုင်း ပုံသွင်းခြင်းဖြစ် ဖြစ်သည်။ ယေရှုက *"သင်တို့သည် ငါ၏ဒေသနာဌာန တည်လျှင်"* သူ၏တပည့်အမှန်ဖြစ်သည်ဟု မိန့်တော်မူခဲ့သည် (ယော ဟန် ၈:၃၁)။

ဤစာအုပ်ငယ်က သခင်ယေရှု၏နောက်လိုက်များအနေဖြင့် ဘုရားသခင်၏ခေါ် ဆိုခြင်းခံရသောသူများအဖို့ သမ္မာတရားနှင့်သီသော ခြေလှမ်း ၅ ခု ပါဝင်သော လမ်းညွှန်စာအုပ် ဖြစ်သည်။ သင်၏ ခရစ်ယာန်အတွေ့အကြုံသို့မဟုတ် ဓမ္မအသိပညာဗဟုသုတတို့က မည်မျှ ပင်မြင့်မားနေပါစေ၊ ဤ *ရှေ့လျှောက်ခြေလှမ်းများ* စာအုပ်က သခင်ယေရှု၏တပည့် တစ်ဦး အဖြစ် သင်၏ဘဝ၌ ရှင်းလင်း၍၊ ကျိုးကြောင်းဆီလျော်သော၊ ဘုရားသခင်နှစ်သက်တော် မူသည့်လမ်းကြောင်းကို ဖော်ပြပေးပါလိမ့်မည်။ ဤခြေလှမ်းအသီးသီး၌ ဖတ်ရှုရမည့် ကျမ်း ချက်များ၊ ဖြေဆိုရမည့် မေးခွန်းများ၊ အတူတကွ ဆွေးနွေးရမည့်အရာများ နှင့် လုပ်ဆောင် ရမည့် တာဝန်များကို ထည့်သွင်းထားပါသည်။

တပည့်တော်ဖြစ်စေခြင်းအခန်းကဏ္ဍအသီးသီးအတွက် ချမှတ်ထားသော အောက်ပါ ပုံစံကို ကျွန်ုပ် ဖော်ပြလိုပါသည်။

- သင်စကားပြောနိုင်မည့်နေရာများ၌ တွေ့ဆုံပါ။
- သင်၏သမ္မာကျမ်းစာကို ယူလာပါ။
- အပတ်စဉ် တစ်ခုခုရှိနှုံ့ တွေ့ဆုံပါ။
- အချင်းချင်း တစ်ဦးနှင့်တစ်ဦး အခြေအနေ မေးမြန်းပါ။
- ပွင့်လင်းစွာ ဆွေးနွေးပါ။
- *ရှေ့လျှောက်ခြေလှမ်းများ* စာအုပ်ကို ဖတ်ပါ။
- လိုအပ်လျှင်၊ ဆွေးနွေးစရာများအား တိုင်ပင်ဆွေးနွေးပါ။

- အချိန်ယူပါ။
- ကောင်းမွန်သော မေးခွန်းများကို မေးပါ။
- သမ္မာကျမ်းစာမှ အဖြေမှန်ကို ရှာပါ။
- ပုဂ္ဂိုလ်ရေးထင်မြင်ချက်များအား ရှောင်ကြဉ်ပါ။
- ကောင်းစွာ နားထောင်ပါ။
- သဘောတူထားသည့် အချိန်ခွဲ အဆုံးသတ်ပါ။
- မည်သည့်နေရာ၌ ရပ်နားရမည်ကို မှတ်သားပါ။
- ဆုတောင်းခြင်းဖြင့် အဆုံးသတ်ပါ။

*ရှေ့လျှောက်ခြေလှမ်းများ* စာအုပ်သည် အသင်းတော် များပြားစွာ ကြီးထွားလာရန်လျှို့ဝှက်ထားသော ဆောက်တည်မဟုတ်ပါ။ သခင်ယေရှုက "ဤကျောက်ပေါ်တွင် ငါ၏ အသင်း တော်ကို ငါတည်ဆောက်မည်"(မဿဲ ၁၆:၁၈) ဟူ၍ ပြောခဲ့သောအချိန်၌ သူ၏စကားအတွက် တာဝန်ယူရန် မိမိကိုယ်ကို အပ်ထားပါသည်။ ဤစာအုပ်ငယ်က သင်၏ခရစ်ယာန် အသက်တာနဲ့ဆိုင်သော ခရစ်တော်၌တစ်ဦးချင်းအသက်တာကြီးထွားခြင်းနှင့် နှုတ်ကပတ်တော်အား နာခံခြင်း တို့အကြောင်းကို ဖော်ပြထားပါသည်။ ဤဘဝ၌ သင်ရနိုင်သော ပို၍မြင့် မြတ်သောပန်းတိုင် သို့မဟုတ် ပို၍ မွန်မြတ်သော လိုက်စားခြင်းဟူ၍ မရှိပါ။

ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်သို့ စတင်လိုက်သည်နှင့်အမျှ၊ အခြေခံအဆင့် ဖော်ပြထားသော ခြေလှမ်းများပိုင်ဆိုင်ထားခြင်းက အမှန်တကယ် အထောက်အကူပြုပါသည်။ ဤခြေလှမ်းအားလုံးတို့သည် သမ္မာကျမ်းထဲမှပင် ဖော်ပြထားသော အခြေလှမ်းများ မဟုတ်ပေ။ သို့သော်၊ ဤအခြေခံခြေလှမ်းတို့သည် သခင်ယေရှုနဲ့အတူ သင်လျှောက်လှမ်း သော အချိန် မိမိ၏စိတ်နှလုံးအား နူးညံ့စေ၍၊ သင်၏ဖန်ဆင်းရှင်အား ကျေနပ်စေသော အ ခြေခံခြေလှမ်းများ ဖြစ်သည်။

**အစပြုခြင်း၌ ယောဟန် ၁၇:၁၇ ကို ရေးချလိုက်ပါ။**

## ဤကျမ်းပိုဒ်တွင် ခရစ်တော်သည်

**မည်သို့ မိန့်တော်မူခဲ့သနည်း?**

ပထမခြေလှမ်းကို မစတင်မီ၊ ကျွန်ုပ်တို့အားလုံးသည် ဝိညာဉ်ရေး ဆိုင်ရာကြီးထွား ခြင်း၏ကွဲပြားသောနေရာများ၌ ရှိနေကြသည်ကို သိရှိခြင်းသည် အလွန် အရေးကြီးပါသည်။ ကျွန်ုပ်တို့အချို့သည် သခင်ယေရှုနှင့်အတူ ယခုပင် လျှောက်လှမ်းနေသူများ ဖြစ်ကြသည်။ သို့သော်၊ အခြားသူများသည် ခရစ်တော်နဲ့အတူ နှစ်ရှည်လများ အတူတကွ လျှောက်လှမ်းကြပြီးမှ ၊ ဝိညာဉ်ရေးဆိုင်ရာကြီးထွားရင့်ကျက်လာကြသည်။

**၁ယော ၂:၁၂-၁၄ ကို ဆင်ခြင်တွေးတောပါ။**

ဝိညာဉ်ကြီးထွားခြင်း၏ပထမအဆင့်မှာ မိမိတို့၏အပြစ်များအား ခွင့်လွှတ်ခြင်းခံရ ကြသူများအတွက် ဖြစ်သည်။ သူတို့သည် ဘုရားသခင်အား သိရှိကြသည်(၁ယော ၂:၁၃)၊ ထို့ ပြင် ထိုသူတို့သည် ယုံကြည်ခြင်းဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ကြရ သည် (ဧဖက် ၂:၈-၉)။

ဝိညာဉ်ကြီးထွားခြင်း၏ဒုတိယအဆင့်မှာ သခင်ယေရှု၏တန်ခိုးအားဖြင့် မိမိတို့၏ အသက်တာ၌ စုံစမ်းနှောက်ယှက်ခြင်းကို ကျော်ဖြတ်အောင်မြင်ကြသူများအတွက်(၁ယော ဟန် ၂:၁၃) ဖြစ်သည်။ ထိုသူတို့သည် နှုတ်ကပတ်တော်လေ့လာခြင်း၊ သင်ယူခြင်း နှင့် နှုတ် ကပတ်တော်၌တည်နေခြင်းစသည်တို့အား ကျင့်ဆောင်ကြသည်(ယောဟန် ၁၅:၄-၁၁)။

ဝိညာဉ်ကြီးထွားခြင်း၏တတိယအဆင့်မှာ ခမည်းတော်ဘုရားအား နက်ရှိုင်းစွာ သိ ရှိသူများ (၁ယောဟန် ၂:၁၄) ၊ ယုံကြည်ခြင်း၌ ရင့်ကျက်သူများဖြစ်ပြီး၊ သို့သော် ၁ယောဟန် ၂ :၁၃-၁၄ ၏

ဖော်ပြချက်အား ထပ်တလဲလဲပြုလုပ်
သူများအတွက် ဖြစ်သည်။ ယုံကြည်
ခြင်းဖ ခင်များသည် ဝိညာဉ်ရေးဆိုင်ရာရ
င့်ကျက်သောလူများနှင့် သမ္မာတရားနဲ့
နေထိုင်သောလူများ ဖြစ်ကြသည် ။ ထို
သူတို့သည် သတင်းကောင်းအဖို့ မရှက်
ရွံ့ကြဘဲ၊ ပျောက်ဆုံးသောသူများ အား
ကယ်တင်ခြင်းသတင်းကောင်းကို
ဟောပြောသူများ ဖြစ်ကြသည်(ရောမ
၁:၁၆)။ သူ တို့သည် ကလေးသူငယ်များ
အား အာဟာရတိုက်ကျေးခြင်းနှင့်
ကလေးများ၏နောက်ခြေ လှမ်းများကို
ဦးဆောင်ပေးသူများ ဖြစ်ကြသည်(တိတု
၁:၄)။ သူတို့သည် နှုတ်ကပတ်တော်
အား မှန်ကန်စွာ ပိုင်းခြားက ြ၍(၁တိမော
၂:၁၅)၊ ထို့နောက် မှန်ကန်သောအယူဝါဒ
အား သွန် သင်ပေးသူများ ဖြစ်ကြသ
ည်(တိတု ၂:၁)။

ဤဝိညာဉ်ရေးဆိုင်ရာကြီးထွားခြင်း
အဆင့်များ သတ်မှတ်
ခြင်း၏ရည်ရွယ်ချက်မှာ “ နှုတ်ကပတ်
တော်၌ ဆက်လက်၍”(ယောဟန်
၈:၃၁) ခံယူချက်များ တိုးတက်လာရန်
နှင့် ယုံ ကြည်ခြင်း၌ ခိုင်မာလာစေရန်
ဖြစ်သည်။ အာဗြဟံသည် ကျွန်ုပ်
တို့၏ယုံကြည်ခြင်းဖခင် ဖြစ်
ပြီး(ရောမ ၄:၁၆)၊ ထို့ပြင် သူသည်
ယုံမှားသောစိတ်နှင့်ကင်း၍ ဘုရားသခ
င်၏ဂတိတော်ကို တွေးတောခြင်းမရှိ၊
ယုံကြည်အားကြီးသဖြင့် ဘုရားသခင်ကို
ချီးမွမ်းသူ ဖြစ်သည်(ရောမ ၄ :၂၀)။

ကယ်တင်ခြင်းနဲ့ဆိုင်သောယုံကြည်
ခြင်းအဆင့်အား သင်ကျော်ဖြတ်လာပြီး
လျှင်၊ (၁) သင်သည် ဘုရားသခ
င်၏သား/သမီးဖြစ်လာသည်။
သင်၏ပြောင်းလဲခြင်း၏အကျိုးရ လဒ်
အနေဖြင့်၊ သင်သည် သင်ယူလေ့လာရ
မည်၊ ကြီးထွားရမည် နှင့် ကျော်ဖြတ်
လာနိုင်ရမည် ဖြစ်သည်။ ထို့နောက်၊
(၂) သင်သည် ယုံကြည်ခြင်း၌ လူပျို
အဆင့်သို့ ရောက်လာသည်။ သင်

သည် ဘုရားသခင်အပေါ် သစ္စာရှိသော သူ၊ နှုတ်ကပတ်တော်၌ ကျင်လည်သော သူ၊ အသင်း တော်၌ သစ္စာရှိသောသူ၊ မိမိ အကျင့်အတိုင်း ဆက်လက်အမှုတော် ဆောင်ပြီး၊ ခရစ်တော်၏ တပည့်တော် များအား မွေးထုတ်သောသူဖြစ်လျှင်၊ သင်သည် (၃) ယုံကြည်ခြင်း၌ ဖခင်တစ် ဦးဖြစ်လာသည်။

## သင်၏ဝိညာဉ်ရေးဆိုင်ရာကြီးထွားခြင်းသည် မည်သည့်အခြေအနေ၌ ရှိနေသနည်း?

ထိုကြောင့်၊ သင်သည် ကယ်တင်ခြင်းတရားကို လိုအပ်နေသူ သို့မဟုတ် ကယ်တင် ခြင်းကိုရရှိပြီးသော်သူဖြစ်လျှင်၊ သင်သည် ကျော်ဖြတ်လာသူ၊ လေ့လာသင်ယူသူအဆင့်သို့ ရောက်လာပြီး သို့မဟုတ် တပည့်တော်များဖြစ်စေခြင်းအမှုကို ပြုလုပ်နိုင်တော့မည် ဖြစ် သည်။ ကျွန်ုပ်တို့သည် “ဘုရားသခင်၏ဒေသနာတော်၌တည်၍ ဆက်လက်” လုပ်ဆောင်ဖို့ရန် နှင့် ခရစ်တော်၏လမ်းညွှန်ချက်အတိုင်း လိုက်နာရန် ခေါ်ခြင်းခံရသူများ ဖြစ်ကြသည် (ယော ဟန် ၈:၃၁)။

ခရစ်ယာန်တို့၏ရန်သူဖြစ်သူက ကျွန်ုပ်တို့၏ယုံကြည်ခြင်းတိုးတက်ခြင်းကို ဆီတံ သုဉ်းစေလိုသည်။ နောက်ခြေလှမ်းစာအုပ်က ခရစ်တော်၏ခြေလှမ်းအတိုင်း ဘုရားသခင်၏ နှုတ်ကပတ်တော်အား သစ္စာရှိစွာ လိုက်လျောက်ရန်၊ အချင်းချင်းအားတိုက်တွန်းအားပေး ခြင်းဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်း၌ တိုးတက်လာခြင်းဌာ စေ့ဆော်ရန် ရေးသားထားခြင်း ဖြစ်သည်။

**ဟေဗြဲ ၁၀:၂၃-၂၅ ကို ဖတ်ရှုပါ။ အခန်းငယ်တစ်ခုစီ၌ တွေ့ရှိရသော**

**မိန့်ကြားချက်များအား မှတ်သားထား ပါ။**

**အခန်းငယ် ၂၃**

**အခန်းငယ် ၂၄**

**အခန်းငယ် ၂၅**

တိုင်ပင်ဆွေးနွေးပါ-

ကျွန်ုပ်တို့သည် မည်ကဲ့သို့ မယိုင်းမယိမ်ဘဲ စွဲကိုင်မည်နည်း?

ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှာ အချင်းချင်း ကျွန်ုပ်တို့ မည်ကဲ့သို့ စေ့ဆော်ကြ မည်နည်း?

ကျွန်ုပ်တို့ မည်ကဲ့သို့ စုဝေးကြမည်နည်း?

သခင်ယေရှုသည် ကျွန်ုပ်တို့၏ပုံဥပမာကောင်းဖြစ်ပြီး (ယောဟန် ၁၃:၁၅)၊ ထို့ပြင် သူသည် တစ်ကိုယ်ရည်အရ လူတို့အား တပည့်တော်ဖြစ်စေခြင်း၊ လူတို့ရှေ့တွင် သင်ကြား ပေးခြင်းနှင့် အသင်းတော်၌ အစဉ်အမြဲ ရောက်ရှိနေသူ ဖြစ်သည်။ တမန်တော်ရှင်ပေါလုက လည်း တစ်ကိုယ်ရည်အရ လူတို့အား တပည့်တော်ဖြစ်စေခြင်းနှင့် ကျွန်ုပ်တို့အား လိုက်နာ ရန် စံကို ပေးသောသူဖြစ်သည်။

**၂တိမော ၂:၂ ကျမ်းပိုဒ်ကို ရေးချ ပါ။**

_____

_____

_____

_____

ကျွန်ုပ်ဒဒအခန်းငယ်၌ တပည့်တော်ဖြစ်စေခြင်း ပုံစံသည် ရှင်ပေါလု၊ တိမောသေ ၊ သစ္စာရှိသောလူများနှင့် အခြားလူများထံမှ ဖြစ်သည်။ ကျွန်ုပ်သို့ဖြင့် ၊ သတင်းကောင်းသည် ပျံ့နှံ့လာခဲ့ပြီး၊ တပည့်တော်များလည်း ဖြစ်ပွားလာခဲ့သည်။

ခရစ်တော်၏တပည့်တော်ဖြစ်စေခြင်းအမှုသည် နွေးကွေးသောဖြစ်စဉ် တစ်ခုဖြစ် သည်။ စစ်မှန်သောတပည့်တော်များသည် စက်ရုံ၌ ကုန်စည်များထုတ်လုပ်သကဲ့သို့ ဖြစ်တည် လာသောသူများ မဟုတ်ကြပေ။ စစ်မှန်သောကြီးထွားနှင့် အသက်တာပြောင်းလဲခြင်းသည် အချိန်တစ်ခု ကြာပါသည်။ မရှိခြင်းထက် ပို၍ မကြာခဏဖြင့်၊ ဝိညာဉ်ရေးဆိုင်ရာရင့်ကျက်၍ အတူယူထိုက်သူအား ကျွန်ုပ်တို့ လိုအပ်ကြသည်။

**၁ကော ၁၁:၁ ကို ဖတ်ပါ။**
**တမန်တော်ရှင်ပေါလုသည် မည်သည့်အရာကို တောင်းဆိုသနည်း?**

---

---

တပည့်တော်ဖြစ်စေခြင်းသည် ခမ္မာဟောင်းကျမ်း၏ထင်မြင်ယူဆချက်တစ်ခုဖြစ် သည်ကို သင် သိပါသလား?

*"သင်တို့သည် ၊ ဟောရပ်အရပ်မှာ သင်တို့၏ဘုရားသခင်ထာဝရဘုရားရွေ့တော်၌ ရပ်နေကြသောအခါ၊ ကိုယ်တိုင်မြင်သောအမှုအရာတို့ကို မမေ့မလျော့။ နောက်တသက်လုံး နှလုံးသွင်းနိုင် မည်အကြောင်း ကိုယ်ကိုကိုယ်သတိပြုကြလော့။ ကိုယ်စိတ်နှလုံးကို ကြိုးစား၍ စောင့်ရှောက်ကြလော့။ ထိုအရာတို့ကို သားမြေးတို့အားလည်း သွန်သင်ကြလော့။" (တ ရား ၄:၉)။*

အချို့သောနည်းလမ်းတွင်၊ ခရစ်တော်၏နောက်သို့လိုက်ခြင်းသည်

အပြောထက် ပို၍ ခက်ခဲသည်။ ဤအရာက အထူးသဖြင့် အစောပိုင်းဝိညာဉ်ရေးဆိုင်ရာကြိုးထွားခြင်းဆိုင်ရာ အဆင့်အတွက် လိုအပ်သူများအဖို့ မှန်ကန်မှုရှိသည်။ သာမန်နှားဆင်သူများအား ထောက်ပြ တတ်သောလူများကို ကြည့်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ရေးယုံကြည်မှုနှင့် ကိုယ်ရေး ကိုယ် တာလက္ခဏာများအား ဖွံ့ဖြိုးတိုးတက်ရပါမည်။

ဝိညာဉ်ရွေးဆိုင်ရာလေ့လာကြည့်ရှုသင်ယူခွင့်ရနိုင်သော ယုံကြည်ခြင်း၏ဖခင်နှင့် မိခင်တို့ ပုံဆိုင်ခြင်းက အလွန်အကျူးပြုသောအရာဖြစ်သည်။ ဤအချက်က ယုံကြည်ခြင်းခွဲ ကြီးထွားဖို့ရန် အကောင်းဆုံးသောနည်းလမ်းတစ်ခု ဖြစ်သည်။

အတုယူထိုက်သောပုဂ္ဂိုလ်သည် ယုံကြည်ခြင်းခွဲရင့်ကျက်သောယုံကြည်သူဖြစ်ပြီး၊ ခရစ်တော်၏အကျင့်လက္ခဏာများနှင့် ဝိညာဉ်အသီး သီးနိုင်သော်သူ ဖြစ်သည်။

**ဂလာတိ ၅:၂၂ ၏ ဝိညာဉ်အသီးများအား ရေးချထားပါ။**

**တိတု ၂:၁-၃ ၏ အကျင့်လက္ခဏာများအား ရေးချထားပါ။**

"ငါ့ဒေသနာခွင့်တည်လျှင်"ဟူသော ခရစ်တော်၏အမိန့်တော်အား နာခံလိုသောစိတ် ဆန္ဒရှိ သည့် ကျွန်ုပ်တို့ လိုပ်အပ်သောအရာ ဖြစ်သည်။ နောက်ခြေလှမ်းစာအုပ်က ခြေလှမ်း တစ်ခုစီမှ နောက်ခြေလှမ်းအထိ သင့်အားတိုးတက်လာစေရန် ဦးဆောင်လမ်းပြပေးလိမ့်မည်။

သင်သည် ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်အပေါ် သစ္စာရှိပါသလား? သင် သည် နောက်ခြေလှမ်း စာအုပ်အား အခြားသူများနဲ့လူတိုင်းအား ဖြင့်ငင်း၊ အွန်လိုင်းမှ တစ် ဆင့်ငင်း၊ ဖုန်းအားဖြင့်ငင်း အပတ်စဉ်တွေ့ဆုံခြင်း ကို လုပ်ဆောင်နိုင်ပါသလား? သင်သည် သင်ပေးရသောသူ ဖြစ်ပါသလား? တပည့်တော်တစ်ဦး၏ထူးခြားသော လက္ခဏာတစ်ခုမှာ သူတို့သည် သင်ယူ လိုကြသည်။ အရာအားလုံးကိုသိ၍၊ စကားပြောဆိုခြင်းကို လွှမ်းမိုးထား သူများသည် ၎င်းတို့အတွက် ကြီးထွား သောအတားအဆီးများကို ဖန်တီးကာ ၎င်း တို့၏ယုံ ကြည်ခြင်းဥ ရုပ်တန့်သွားကြ ပြီး လမ်းတလျှောက်တွင် ဘုရားသခင်ကို ဝမ်းနည်းစေကြ သည်။ ကျွန်ုပ်တို့သည် အချင်းချင်းရှေ့နှင့် အထူးသဖြင့် ဘုရားသခင်၏ သန့်ရှင်း သောနှုတ် ကပတ်တော်၏အခွင့် အာဏာအောက်တွင် မိမိကိုယ်ကိုနှိမ့်ချ စွာ သင်ပေးရသောသူ ဖြစ်ရပါ မည်။

**သင်သည် သစ္စာရှိ၍၊ အသုံးပြု၍ရကာ၊ သင်ပေးရသောသူ ဖြစ်ပါသလား?**

**သင့်အတွက် အကောင်းဆုံးသော နေရာနှင့် အချိန် ရှိပါသလား?**

---

အစည်းအဝေးတစ်ခုစီအား အတိုချုံ့ ဆုတောင်းခြင်းနဲ့စတင်၍၊ အတိုချုံ့ ဆုတောင်း ခြင်းနှ အဆုံးသတ်နိုင်သ ည်။ ဆုတောင်းခြင်းနှင့် မိတ်သဟာရဖွဲ့ ခြင်းတို့က ဒေသန္တရအသင်း တော်အဖို့ မ ရှိမဖြစ်လိုအပ်သောအရာများ ဖြစ်သ ည်(တမန် ၂:၄၂)၊ ထို့ပြင် အလွန် အရေးကြီး သောအချက်များလည်း ဖြစ် သည်။ ထို့ကြောင့်၊ ဘုရားသခ င်၏နှုတ်ကပတ်တော်၌ဆက်လက် သွားဖို့ရန်၊ တိုးတက်မှုဆိတ်သုဉ်ခြင်း အား ကာကွယ်နိုင်ရန်၊ တပည့် တော်၏နောက်ခြေလှမ်း အပေါ်၌ အာရုံ

စိုက်၍၊ တွေ့ဆုံမိတ်သဟာရဖွဲ့ခြင်းအား သာမန်ကဲ့သို့ မဆုတ်ယုတ်စေဘဲ ပြု လုပ်ခြင်းသည် အကောင်းဆုံးသောအရာ ဖြစ်သည်။ ရည်မှန်းချက်သည် ရွေ့သို့ ဆက်လက်ချီ တက်ခြင်း ဖြစ်ရပါမည်။

ဤတွေ့ဆုံခြင်းများသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်မန္တော်မူသော မဟာစေခိုင်း ချက်၌ မရှိမဖြစ်လိုအပ်ပါသည် (မဿဲ ၂၈:၁၉-၂၀)။ မဟာစေခိုင်းချက်သည် ခရစ်တော်၏ နောက်လိုက်သူတစ်ဦးချင်း၏သာသနာ ဖြစ်သည်။ နောက်ခြေလှမ်းခြင်းစာအုပ်က ခရစ်တော် နှင့်အတူ သာသနာတွင် အတူရှိနိုင်စေရန် ဦးဆောင်လမ်းပြပေးလိမ့်မည်။

ဤအစည်းအဝေးများအား သင်သည် အချိန်မရွေးရပ်ဆိုင်းနိုင်ပြီး၊ သင်၏တည်နေ ရာကို မှတ်သားထားနိုင်သည်။ ထို့ပြင်၊ နောက်တစ်ကြိမ် အစည်းအဝေးအတွက် အချိန်ကို လည်း သင် သတ်မှတ်နိုင်သည်။ တွေ့ဆုံခြင်း အချိန်ဘောင်ကို အလျင်စလို ပြုရန် မလို အပ် ပေ။ အချို့သောခြေလှမ်းများသည် အခြားသောခြေလှမ်းများထက် ပို၍ အချိန်ကြာမြင့်နိုင် သည်။

အစည်းအဝေးများအား မှတ်သားထားပါ။ တပည့်တော်ဖြစ်စေခြင်းဌာပေါင်းသင်း ဆက်ဆံခြင်းသည် မိသားစုအဖွဲ့ဝင် သို့မဟုတ် အသင်းအဖွဲ့များတွင် မဟုတ်လျှင်လည်း တန်းတူညီမျှ ရှိသင့်ပါသည်။ သက်ကြီးများသည် ကလေးသူငယ်များနဲ့အတူ သို့မဟုတ် လူငယ်များနဲ့အတူ တစဖွဲ့တည်းထားခြင်း မရှိသင့်ပါ။ အဘယ်ကြောင့်ဆိုသော်၊ ထိုသူတို့သည် တူညီသော လူသားများ ဖြစ်ကြသည်။ ဤစည်းမျဉ်းများသည် ခရစ်တော်နှင့်ရှင်ပေါလုတို့၏ ပြု လုပ်ခဲ့သော အကောင်းဆုံးသောပုံသက်သေများ ဖြစ်သည်။ ထို့ပြင်၊ တွေ့ဆုံခြင်းသည် ဝိ ညာဉ်ရေးကြီးထွားခြင်းအပေါ်၌သာ

ဗဟိုပြုထားသင့်ပြီး၊ မိမိပုဂ္ဂိုလ်ရေး
အတွက်သာ မဖြစ် သင့်ပါ။

ခရစ်တော်၏နှုတ်ကပတ်တော်၌
သင်သည် လိုက်လျောက်နေလျှင်၊
ဘုရားသခင်ကို သင်သည် ဝမ်းမြောက်
စေလိမ့်မည်။ ရှင်ယောဟန်၏တတိယ
စာစောင်၌ မျက်မှောက်ကာလ
အခက်အခဲများကြား နှုတ်ကပတ်တော်
အား သင်ယူလေ့လာကြသော အသင်း
တော်ရှိ က လေးသူငယ်များအကြောင်းကို
ယောဟန်သည် သိလျှင်၊ ကြီးမားသော
ဝမ်းမြောက်ခြင်းသည် သူ၌ ဖြစ်တည်ခဲ့
ကြောင်းကို ဖော်ပြခဲ့သည်။ ဤကျမ်းပို
ဒ်၌ ထပ်မံ၍ ဖော်ပြထားသည်မှာ ဘုရား
သခင်၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့
တည်နေလျှင်၊ ဘုရားသခင်ကို ကျွန်ုပ်တို့
ဝမ်း မြောက်စေပါသည်။

**၃ယောဟန် ၁:၁-၄ ကို ဖတ်ရှုပါ။**

ဘုရားသခင်နှင့်အတူ လျှောက်
လှမ်းခြင်း၌ သင်သည် ရှေ့သို့ ချီတက်ရ
န် ကြိုးစား ရုန်းကန်လှုပ်ရှားသောအခါ၊
နှုတ်ကပတ်တော်၌ ဆက်လက်လျှော
က်လှမ်းနိုင်ရန် ကျော်ဖြတ် ရမည့်
အခက်အခဲအတားအဆီးများ ရှိပါသည်။
သင့်အား သိမ်ငယ်စေရန် ဖြစ်စေနိုင်သ
ည် ခိုင် မာသောလူပုဂ္ဂိုလ်များ ရှိ
ကောင်းရှိလိမ့်မည်။ ဤအရာက
ထူးဆန်းသောအရာတစ်ခုတော့ မဟုတ်
ပါ။ သို့သော် သင်သည် အာရုံထွေပြား
မခံလိုက်ပါနဲ့။ အခြားသူများက ကျွန်ုပ်
တို့အား ရပ်တန့်ရန် ကြိုးပမ်းလာလျှင်၊
ခရစ်တော်၏ဒေသနာ၌ဆက်လက်တည်
ဖြိုရန် ကျွန်ုပ်တို့ကို သင်ကြားပေးထားသ
ည်။

**၃ယောဟန် ၁:၉-၁၁ ကိုဖတ်ရှုပါ။**

ရှင်မသဲခရစ်ဝင်ကျမ်း၌ မင့်ဂလာ
ဆုကျေးဇူးဟူ၍သိရှိရသော ခရစ်
တော်၏မဟာ သင်ကြားခြင်းအကြောင်း


ပါဝင်သည်။ မဿဲ ၅:၃ တွင်၊ “မင်္ဂလာရှိ၏”ဟူသော စကားလုံးကို မဿဲ ၅:၁၁ အထိ အခန်းငယ်တစ်ခုစီ၌ ထပ်တလဲလဲ အသုံးပြုထားသည်ကို တွေ့နိုင်သည်။ “ မင်္ဂလာရှိ၏”ဟူသော အဓိပ္ပာယ်မှာ ပျော်ရွှင်ဝမ်းမြောက်ခြင်း ဖြစ်သည်။

ခရစ်တော်၏စစ်မှန်၍ဆက်ကပ်အပ်နှံသောတပည့်တော်၏အတွင်း စိတ်နှလုံးသား အင်္ဂကရပ်မှာ ဝမ်းမြောက်ပျော်ရွှင်ခြင်း ဖြစ်သည်။ ထိုသူတို့၏အတွင်းပိုင်းဝမ်းမြောက်ပျော်ရွှင် ခြင်းသည် နှစ်လိုဖွယ်ကောင်းသော အခြေအနေများပေါ်၌ မမူတည်ပါ။ အဘယ်ကြောင့်ဆို သော်၊ သူတို့သည် ဘုရားသခင်အား စစ်မှန်စွာ ချစ်၍ယုံကြည်ကြပြီး၊ ၎င်းတို့၏စစ်မှန်သော ဝမ်းမြောက်ခြင်းသည် သခင်ဘုရားနှင့်နီးကပ်စွာဆက်နွယ်ခြင်း၌ တည်ရှိသောကြောင့် ဖြစ်သည်။ နာခံသောယုံကြည်သူ၏ဆုလဒ်များမှတစ်ခုမှာ ဝမ်းမြောက်ခြင်းဆုလဒ်ဖြစ်သည်။ သို့ သော်လည်း၊ လူတိုင်းသည် ယုံကြည်သူများ မဟုတ်ပါ။

ပထမခြေလှမ်း၌ ကျွန်ုပ်တို့သည် ဤမေးခွန်းတစ်ခုကို ဆွေးနွေးကြပါစို့ - သခင် ယေရှုအား ယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း?

**အာရုံပြုဆုတောင်းချက် - ခရစ်တော်၏နောက်လိုက်ခြင်း**
“ငါသည်အံ့ဘယ်သို့ ဆုတောင်းသနည်းဟူမူကား၊ သင်တို့သည် ခြားနားသော အရာတို့ကို ပိုင်းခြား စေခြင်းငှာ ဉာဏ်ပညာအမျိုးမျိုးရှိလျက်၊ မေတ္တာပါရမီတို့ဟူ၍ ပြည့်စုံမည်အကြောင်းကိုငင်း၊ ယေ ရှုခရစ်အားဖြင့် ဘုရားသခင်၏ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သော ဖြောင့်မတ်ခြင်း အ ကျင့်နှင့် သင်တို့သည် ပြည့်စုံ၍ ခရစ်တော်၏နေ့ရက်တိုင်အောင် စိတ်ကြည်ဖြူလျက်၊ တိမ်းလဲခြင်း အမှုနှင့် ကင်းလွတ်လျက်ရှိမည်အကြောင်းကိုငင်း၊ ငါဆုတောင်း ပဌနာပြု၏” (ဖိ ၁:၉-၁၁)

## မှတ်သားချက်များ




**ပထမခြေလှမ်း - ယုံကြည်ခြင်း**

"ယုံကြည်ခြင်း"ဟူသောစကားလုံးသည် ဂရိဘာသာစကားဖြင့် *pisteuo* ဖြစ်သည်။ ၎င်းစကားလုံး၏ဆိုလိုရင်းမှာ - ယုံကြည်လာစေခြင်း၊ ယုံကြည်ခြင်းအားပုံအပ်ခြင်း၊ အားကိုး ခြင်း သို့မဟုတ် ယုံကြည်အားကိုးခြင်း ဖြစ်သည်။

ယုံကြည်ခြင်းသဏ္ဌာန်တူသောစကားလုံးမှာ "ယုံကြည်သက်ဝင်ခြင်း" ဖြစ်သည်။ အမှန်တကယ်အားဖြင့်၊ ၎င်းသဏ္ဌာန်တူသောစကားလုံးမှာ မူလဘာသာစကားအရင်းအမြစ် ဖြစ်သည်ကို မှတ်သားထားပါ။ "ယုံကြည်သက်ဝင်

ခြင်း”သည် ဂရိဘာသာစကားဖြင့် *pistis* ဖြစ်၍၊ “ယုံကြည်ခြင်း”ဟူသောစကားသည် *pisteuo* ဖြစ်သည်။ ယုံကြည်ခြင်းဖော်ပြပေး သော ဝေါဟာရများမှာ - သဘောတူခြင်း၊ လက်ခံခြင်း၊ သေချာခြင်း၊ စိတ်ချခြင်း၊ အားကိုး ခြင်း၊ မှီခိုခြင်း သို့မဟုတ် သဘောတူညီချက်ရခြင်း ဖြစ်သည်။

**ရောမ ၁၀:၁၇ ကို ဖတ်ရှုပါ။**

**ယုံကြည်ခြင်းသည် မည်သည့်နေရာမှ လာသနည်း?**

---

---

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်အား မယုံကြည်သူများထံ ကြွေးကြော် ဖော်ပြခြင်းအားဖြင့် ယုံကြည်ခြင်းကို ပေးသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်က ပတ်တော်အား ကြားနာ၍ ယုံကြည်သောသူတို့အဖို့ ဆုလက်ဆောင်တစ်ခု ဖြစ်သည်။ ယုံကြည်ခြင်းသည် မည်သည့်လုပ်ဆောင်မှုအားဖြင့် ရရှိခြင်း မဟုတ်ပေ (ဧဖက် ၂:၈-၉)။

ယုံကြည်ခြင်းနဲ့တစ်ပူးတွဲတွဲဖြစ်သော အရာမှာ နောင်တရခြင်း ဖြစ်သည်။ သခင် ယေရှုသည် သူ၏သာသနာပြုခြင်းအား “အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏ နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့ဟူသော ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူခဲ့သည်”(မာကု ၁:၁၅)။ နောင်တရခြင်းဆိုသည်မှာ လူတစ်ဦး၏စိတ် သို့မဟုတ် ရည်ရွယ်ချက်အား ပြောင်းလဲခြင်း ဖြစ်သည်။

နောင်တရခြင်းဆိုသည်မှာ အပြစ်တရား၊ လောကီ၊ စာတန် နှင့် ဇာတိသဘော တို့မှ မျက်နှာလွှဲခြင်း ဖြစ်သည် (ဧဖက် ၂:၁-၃)။ ဤအရာက တစ်

နည်းအားဖြင့် ဘုရားသခင်၏အ မျက်တော်နှင့် တရားစီရင်ခြင်းတို့ကို ဖြစ်စေမည့်အကြောင်းတရားများအား ငြင်းပယ်ခြင်းဖြစ် သည်။

ယုံကြည်ခြင်းဆိုသည်မှာ ခရစ်တော်ထံသို့ ပြန်လာခြင်းနှင့် ကယ်တင်ခြင်းတရား နှင့် ထာဝရအသက်အတွက် ယေရှုခရစ်အား ယုံကြည်အားကိုးခြင်း ဖြစ်သည်(တမန် ၄:၁၂)။ ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာရဖွဲ့ခြင်းနှင့် ဘုရားသခင်၏လက်ခံခြင်းအတွက် ကျွန်ုပ် တို့၏ယုံကြည်ခြင်းအား ခရစ်တော်အပေါ် ပြည့်ဝစွာ ပုံအပ်၍ နေရာပေးခြင်း ဖြစ်သည်။

မှားယွင်းသောဘာသာတရားများသည် ကယ်တင်ခြင်းတရားအတွက် ခရစ်တော် အားယုံကြည်ခြင်းအရာ၌ အကျင့်တရားကိုလည်း ယုံကြည်ကြသည်။ မှားယွင်းသောဘာသာ တရားများသည် ကောင်းသောအကျင့်လုပ်ဆောင်ခြင်းအားဖြင့် ကယ်တင်ခြင်းတရားအား ရရှိနိုင်ရန် ကျွန်ုပ်တို့ကို အကျင့်တရားအား လုပ်ဆောင်စေချင်ကြသည်။

ထိုကြောင့်၊ များစွာသောလူတို့သည် ကောင်းသောလူများဖြစ်ကြသော ကြောင့်နှင့် ကောင်းသောအကျင့်များကို ကျင့်ပြီးသောကြောင့် ကောင်းကင်နိုင်ငံသို့ သွားရမည်ဟူ၍ ထင် မြင်တတ်ကြသည်။ “ဖြောင့်မတ်သောသူမရှိ၊ တယောကမျှမရှိ”ဟူသော ဘုရားသခင်၏နှုတ် ထွက်စကားကို ၎င်းတို့သည် ငြင်းပယ်ကြသည် (ရောမ ၃:၁၀)။

စစ်မှန်သောကယ်တင်ခြင်းတရားသည် ခရစ်တော်၏ပြည့်မြောက်သော လုပ်ဆောင် ပေးခြင်းနှ့ ဘုရားသခင်အားဖြင့် သင့်အတွက် ပြည့်စုံပြီး ဖြစ်သည်။ ခရစ်တော်သည် လောက သားတို့၏အပြစ်များအား ဆပ်ပေးခဲ့ပြီးဖြစ်သည်(၁ယော ၂:၂)။ “...ခရစ်တော်သ

ည်ာ် ကျမ်းစာ လာသည်အတိုင်း ငါတို့
အပြစ်ကြောင့် အသေခံတော်မူ၏။
သင်ာ်တို့လိုပြီးမာ့၊ ကျမ်းစာလာသည်
အတိုင်း သုံးရက်မြောက်သောနေ့ ၌
ထမြောက်တော်မူ၏”(၁ကော ၁၅:၃-၄)။
သူ၏ရှင်ပြန် ထမြောက်ခြင်းသည်ာ် သေ
ခြင်းတရား အောင်မြင်ခဲ့ပြီး(တမန် ၂:၂၄)၊
ကျွန်ုပ်တို့အား ဖြောင့် မတ်ရာသို့
ရောက်ကြလေသည်ာ် (ရောမ ၄:၂၅)။

ကျွန်ုပ်တို့သည်ာ် ကျိုက်သို့သောအမှု
ကို ကိုယ်တိုင်ာ် မတတ်စွမ်းနိုင်ကြပေ။

မိမိ၏ကောင်းသောအကျင့်တို့အား
ယုံကြည်သောသူတို့သည်ာ် ကားတိုင်
ပေါ်၌ ခရစ်ာ် တော်၏လုပ်ဆောင်ချက်
အား ပယ်ဖျက်ကြသည်ာ်။ လူတို့င်းသည်ာ်
ကယ်တင်ခြင်းတရားကို ရရှိ နိုင်ကြလျှင်၊
ခရစ်တော်၏အသေခံခြင်းသည်ာ် မ
လိုအပ်တော့ပေ။

ဂလာတိမြို့ယုံကြည်သူများသည်ာ်
ကယ်တင်ခြင်းရရှိခြင်းဖြစ်စဉ်၌
ခရစ်တော်ကို ယုံ ကြည်ခြင်းအပြင်ာ် ဂျူး
လူမျိုးတို့၏ပညတ်များထိန်းသိမ်းခြင်းဖြ
င့် ရရှိနိုင်သည်ဟူ၍ လှည့်ဖြား ခြင်းခံရ
ကြသည်ာ်။ ရှင်ပေါလုက ဤအရာသည်ာ်
ရှုးနှမ်းရာဖြစ်ပြီး၊ ကားတိုင်တရား၏ရည်
ရွယ်ာ် ချက်ကို အချည်းနှီးဖြစ်စေသ
ည်ာ်(ဂလာတိ ၂:၂၁-၃၁)။

ကျွန်ုပ်တို့သည်ာ် ကယ်တင်ခြင်း
သတင်းကောင်း၌ မည်သည့်အရာမျှ
ထပ်မံပေါင်း ထည့်၍ မရပါ။

ဓမ္မသစ်ယုံကြည်သူများလည်း
ကယ်တင်ခြင်းသတင်းကောင်း၌ ဂျူး
ဘာသာကို ပေါင်းထည်ာ်ရန် လှည့်ဖြား
ခြင်းခံရကြသည်ာ်။ သမိုင်းတစ်လျှောက်
တွင်ာ်၊ ဘာသာတရားများ သည်ာ်
အသင်းတော်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး၊
ကယ်တင်ခြင်ာ်းသတင်းကောင်းကို
ပြောင်းလဲ စေခဲ့သည်ာ်။ ဥပမာအနေဖြင့်၊

ယနေ့ခေတ်တွင်၊ ယုံကြည်သူများသည်
ကယ်တင်ခြင်းသ တင်းကောင်းတရား၌
“လူမှုရေးဆိုင်ရာတရားမဟုတ်မှု”များကို
ထည့်သွင်းရန် သွေးဆောင်ခြင်း ခံရကြ
သည်။ ဤအရာက လှည့်ကွက်
အဟောင်းဖြစ်သည်။ စာတန်သည် ဖြစ်
နိုင်လျှင် ယုံ ကြည်သူများအား လှည့်
ဖြားနိုင်ရန်(မဿဲ ၂၄:၂၄) လောကဒဿ
နကို အသုံးပြုသည်(ကော ၂:၈)။
ယုံကြည်သူများသည် ဤလှည့်ကွက်
အဟောင်းကို သိသင့်ပါသည်။ အဘယ်
ကြောင့် ဆိုသော်၊ ၎င်းအရာက ခရစ်
တော်၏ကားတိုင်ပေါ်တွင် ပြီးမြောက်
သော လုပ်ဆောင်ချက် များကို ဘေးဖယ်
စေပြီး၊ ထို့ပြင် ကယ်တင်ခြင်း
သတင်းကောင်းကို ၎င်းအရာက လောကီ
အတွေးအခေါများ၊ ဗလာနတ္တိလှည့်ဖြား
ခြင်းနှင့် အစားထိုးသောကြောင့် ဖြစ်
သည်။ ဘုရား သခင်သည် ကျွန်ုပ်တို့
အား ဤလှည့်ဖြားခြင်းတို့ကို “အမှား၏
စိတ်ဝိညာဉ်” အဖြစ် ကောင်း စွာ
ပိုင်းခြားသိမြင်ရန် မျှော်လင့်ထားပါသ
ည်(၁ယောဟန် ၄:၄-၆)။

ကယ်တင်ခြင်းသတင်းကောင်းအား
ပြည့်ဝစွာ သိရှိနားလည်ခြင်းသည်
အလွန်အ ရေးကြီးပါသည်။ ယနေ့ခေတ်
တွင်၊ များစွာသောလူတို့သည် လျှင်
မြန်သောယုံကြည်ဝန်ခံ ခြင်းကို ပြုလုပ်ကြ
သော်လည်း၊ သို့သော် အမှန်တကယ်အား
ဖြင့် ကယ်တင်ခြင်းမရရှိကြပေ။ ဤ
အရာက မှားယွင်းသော အသက်တာ
ပြောင်းလဲခြင်းဖြစ်သည်။ အသက်တာ
ပြောင်းလဲခြင်း ၌ စိတ်နှလုံးပြောင်းလဲခြင်း
မရှိသေးလျှင်၊ အသစ်တဖန်ပြန်လည်
မွေးဖွားခြင်းသည် မဖြစ်ပွား နိုင်ပေ။
တစ်စုံတစ်ယောက်၏ကယ်တင်ခြင်း
အကြောင်းကို အချိန်မတန်မီ အတည်မပြု
သေး ဘဲ သတိရှိစွာဖြင့် အမှားပြင်ပေး
ခြင်းသည် ပို၍ကောင်းသည်။

ကယ်တင်ခြင်းသတင်းကောင်းအား
လက်စုပ်ကိုင်စွဲရန်၊ ကျွန်ုပ်တို့သည်

ကနဦးမှ အ စပြုရမည်ဖြစ်သည်။ ယောဟန် ၁:၁ တွင်၊ "အစဦး၌....." ဟူ၍ ဖော်ပြထားပြီး၊ ဤအရာက ကမ္ဘာ ၁:၁ တွင် "အစဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏" ဟု ဖော်ပြသောကျမ်း၏ကိုးကားချက် ဖြစ်သည်။ ဤကမ္ဘာဦးကျမ်းသည် ဘုရားသခင်က သူ၏နှုတ်နှင့် လက်တို့ဖြင့် ခြောက်ရက်အတွင်း အရာခပ်သိမ်းတို့ကို ဖန်ဆင်းခဲ့ကြောင်းကို ရှင်း ပြထားသည်။

**ယောဟန် ၁:၁-၂, ၁၄ ကို ဖတ်ပါ။**
**အခန်းငယ် ၁၄၌ မည်သူက စကားပြောနေသနည်း?.....**
**အစဦး၌ဘုရားသခင်နဲ့အတူ မည်သူ ရှိခဲ့သနည်း?.....**

**ယောဟန် ၁:၃ ကို ဖတ်ပါ။**
**အရာခပ်သိမ်းကို မည်သူက ဖန်ဆင်းခဲ့သနည်း?.....**

**ယောဟန် ၁:၄ ကို ဖတ်ပါ။**
**အသက်သည် မည်သည့်အရပ်မှ လာသနည်း?.....**

အခန်းငယ် ၃ နှင့် ၄ တို့တွင် ဆင့်ကဲဖြစ်စဉ်သီအိုရီကို ငြင်းဆိုထားသည်။ အသက် သည် အသက်မရှိသော အရပ်မှ လာခြင်းမဟုတ်ပါ။ အသက်သည် သခင်ယေရှုမှ ဆင်းသက် လာပြီး၊ သူသည် တည်ရှိသောအရာခပ်သိမ်းကို ဖန်ဆင်းတော်မူသည်။

**ရောမ ၁:၁၈-၂၀ ကို ဖတ်ပါ။**
**လူတို့ထံ မည်သူသည် ဖော်ပြခြင်းခံရသနည်း?.....**
**ဘုရားသခင်သည် ရှင်းရှင်းလင်းလင်း သိမြင် နားလည်နိုင်ပါသလား?.....**
**ဆင်ခြေမှုနှ့ကင်းရှင်းသောသူသည် မည်သူ**

**နည်း?.....**

**လူတို့သည် သမ္မာတရားကို မည်ကဲ့သို့ ချုပ်ထိန်းကြသလဲ?.....**

အသက်ရှင်သောလူသားတိုင်းသည် ဘုရားသခင်တည်ရှိကြောင်းနှင့် သူသည် အရာ ခပ်သိမ်းတို့ကို ဖန်ဆင်းခဲ့ကြောင်းကို သိရှိကြသည်။ လူသည် သိရှိ၍ မယုံကြည်လျှင်၊ ဆိုလို ရင်းမှာ သူတို့သည် သမ္မာတရားအား ချုပ်တည်းထားကြသည်ဟူ၍ ဖြစ်သည်။

ရောမ ၁:၂၁ တွင် "အကြောင်းမူကား၊ ထို့သူတို့သည် ဘုရားသခင်ကို သိလျက်ပင်၊ ဘုရားသခင်ကို ချီးမွမ်းသင့်သည့်အတိုင်း မချီးမွမ်း ကျေးဇူးတော်ကိုလည်း မသိမမှတ်၊ အ ချည်းနှီးတွေးဆခြင်း၊ သတိမရှိသောစိတ်နှလုံးကို မှိုက်မဲခြင်းသို့ ရောက်ကြ၏" ဟူ၍ ဖော်ပြထားသည်။

ဤအရာက မယုံကြည်သူတိုင်းက ဘုရားသခင်ကို စိတ်ဆန္ဒအတိုင်းငြင်းပယ်ခြင်း ဖြစ်သည်။

ဆာလံ ၁၄:၁တွင် "ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ်၏။" ဟူ၍ ဖော် ပြထားသည်။ လူတိုင်းသည် ဘုရားသခင်ရှေ့တော်၌ ရပ်ကြလိမ့်မည်၊ ခရစ်တော်အား ငြင်း ပယ်ခြင်းအတွက် မည်သည့်ဆင်ခြေမျှမရှိ၊ တရားစီရင်ခြင်းခံရလိမ့်မည် ဖြစ်သည် (ရောမ ၁ :၂၀)။

အစဦး၌၊ စာတန်သည် အပြစ်ပြုခဲ့ပြီးဖြစ်၍ လိမ်လည်လှည့်ဖြားနေခဲ့သည်။ ယုံ ကြည်သူများသည် ဘုရားသခင်၏သား/သမီးများဟူ၍ သိရှိကြပြီး၊ ဒုစရိုက်ပြုခြင်းနှင့် ကျင့် ခြင်းသို့ လှည့်ဖြားခြင်းမခံကြဖို့ရန် ဖြစ်ကြသည်(၁ယောဟန် ၃:၇-၈)။

ဘုရားသခင်၏သား/သမီးများသည် ခရစ်တော် ဘုရားဖြစ်ကြောင်း၊ ဖန်ဆင်းရှင် ဖြစ်ကြောင်းနှင့် စစ်မှန်သောအလင်းဖြစ်ကြောင်းကို ယုံကြည်ကြသည်။ သခင်ယေရှုက သူ၏သက်သေခံသူများသည် သူ၏အကြောင်းနှင့် မယုံကြည်သူများအဖို့ အလင်းဖြစ်သည်ကို သက်သေပြုကြလိမ့်မည်ဟု မိန့်တော်မူခဲ့သည် (မဿဲ ၅:၁၄)။

**ယောဟန် ၁:၆-၉ ကို ဖတ်ပါ။**

နှစ်ခြင်းဆရာယောဟန်သည် ခရစ်တော်ကြောင်းကို ဟောပြောခြင်းနှင့် သက်သေ ခံခြင်းတို့ကို ပြုလုပ်ခဲ့သည်။

"နှစ်ခြင်းဆရာယောဟန်သည် လောက၏အလင်းဖြစ်သော ယေရှုအကြောင်းကို သက်သေခံပြုသော သက်သေခံတစ်ဦးအဖြစ် ရှိနေခဲ့ပြီး၊ လူတို့သည် သူအားဖြင့် ယုံကြည် လက်ခံလာကြရန် ဖြစ်သည်"။ အလင်းတရားသည် သမ္မာတရားကို ဖော်ပြခြင်းအတွက် အ သုံးပြုသော ဥပစာ ဖြစ်သည်။

ခရစ်တော်လက်ခံယုံကြည်သောသူတို့သည် ဘုရားသခင်၏သား/သမီးများဖြစ်လာ ကြသည်။ ခရစ်တော်၏အလင်းတရားသည် လူသားအားလုံးအတွက် ဖြစ်ကြောင်းကို ဤကျမ်းပိုဒ်က ရှင်းလင်းစွာ ဖော်ပြပါသလား?

အမှန်တကယ်အားဖြင့်၊ ဘုရားသခင်၌ ဘက်လိုက်ခြင်းမရှိပေ(ရောမ ၂:၁၁)။ ခရစ် တော်၌ နောင်တရ၍ ယုံကြည်သောသူတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည် (ရော မ ၁၀:၁၃)။

**ယောဟန် ၁:၁၁-၁၂ ကို ဖတ်ပါ။**

**လူသားအားလုံးသည် ယုံကြည်၍ လက်ခံကြပါ**

**သလား?.....**

စကြာဝဠာလုံးဆိုင်ရာဘာသာတရားသည် ယုံကြည်မှုများကြသည်။ သို့သော်လည်း၊ လမ်းအားလုံးတို့သည် ကောင်းကင်နိုင်ငံသို့ မရောက်ကြပေ။ လူတို့အား လမ်းမှားအောင်ပြု လုပ်ကြသော ဘုရားများ ရှိကြသည်။ သခင်ယေရှုကို ယုံကြည်ခြင်းသည် ကောင်းကင်နိုင်ငံသို့ သွားနိုင်သော တစ်ခုသောလမ်း ဖြစ်သည်။ သခင်ယေရှုက "ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။ အသက်လည်း ဖြစ်၏"ဟူ၍ မိန့်တော်မူခဲ့သည် (ယောဟန် ၁၄:၆)။

တမန် ၄:၁၂ တွင်၊ ရှင်ပေတရုက "ထိုသခင်၏နာမတော်မှတပါး ငါတို့ကို ကယ်တင် နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေး၍ မရှိ"ဟု မြွက်ဆိုခဲ့သည်။

နောင်တရခြင်းသည် ကယ်တင်ခြင်း ရရှိရန် မရှိမဖြစ်လိုအပ်သောအရာ ဖြစ်သည် ။ လူသည် ဇာတိဟောင်းများမှ မလှည့်ထွက်မချင်း သူသည် ခရစ်တော်ထံသို့ မချဉ်းကပ်နိုင် ပေ။ လုကာ ၁၃:၃ တွင် "...သင်တို့ရှိသမျှသည်လည်း နောင်တမရလျှင် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်"ဟူ၍ ဖော်ပြထားသည်။

ကောင်းကင်နိုင်ငံသို့ ရောက်ရှိနိုင်ခြင်းအတွက် ဘုရားသခင်၏စံနှုန်းမှာ သူ၏ဖြောင့် မတ်ခြင်းတရား ဖြစ်သည်။ ဝတ်ပြု ၂၀:၂၆ တွင်၊ ငါထာဝရဘုရားသနှင့်ရှင်းသည်ဖြစ်၍၊ သင် တို့ကို ငါအလိုရှိသဖြင့်၊ အခြားသော အမျိုးနှင့် ခွဲထားသောကြောင့်၊ ငါ့အဘို့ သန့်ရှင်းခြင်းရှိရ ကြမည်"ဟူ၍ မိန့်မှာထားသည်။

မဿဲ ၅:၄၈ တွင် ခရစ်တော်က "ထို့ကြောင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင် တို့အဘသည် စုံလင်တော်မူသည်

နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့”ဟူ၍ မိန့်တော်မူခဲ့သည်။

ဖခမည်းတော်ဘုရားနှင့်အတူ သူ၏ပြည့်စုံသောဖြောင့်မတ်ခြင်းတရားကို ပေးမည်ပေး မှာ သားတော်ဘုရားသခင်ယေရှုဖြစ်သည်။ နှုတ်ကပတ်တော်က သခင်ယေရှုသည် “ခမည်း တော်ဘုရား”အား ပြည့်ဝစွာ ကိုယ်စားပြုသော သူ ဟူ၍ ဖော်ပြထားသည် (ဟေဗြဲ ၁:၃)။

ယေရှုက “...ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်း ပြု၏” ဟူ၍ မိန့် တော်မူခဲ့သည်(ယောဟန် ၅:၁၉)။

ခရစ်တော်တစ်ပါးတည်းသာ ပြည့်စုံသောအသက်တာနဲ့ အသက်ရှင်ခဲ့သည်။ သူ သည် ခမည်းတော်အား နာခံ၍ ဖြောင့်မတ်ခြင်းတရားအားလုံးတို့ကိုလည်း ပြည့်စုံစေခဲ့သည်။

ထို့ကြောင့်၊ ခမည်းတော်ဘုရားက သားတော်အား -

“အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စထာဝရပလ္လင် ဖြစ်ပါ၏။ ကိုယ် တော်၏နိုင်ငံသည် တရားသဖြင့် စီရင်သော နိုင်ငံဖြစ်ပါ၏။ ကိုယ်တော်သည် ဖြောင့်မတ်ခြင်းတရားကို နှစ်သက်၍၊ မတရားသောအမှုကို မုန်းတော်မူ၏။ ထို့ကြောင့် အိုဘုရားသခင်၊ ကိုယ်တော်၏ဘုရားသခင်သည် ကိုယ်တော်၏အပေါင်းအဘော်တို့ထက် ကိုယ်တော်ကို ချီး မြှောက်၍၊ ဝမ်းမြောက်ခြင်းဆီနှင့် ဘိသိတ်ပေးတော်မူပြီဟု လာသတည်း”။ (ဟေဗြဲ ၁:၈-၉)

**ထွက် ၂၀:၁-၂၀ ကို ဖတ်ပါ။**

**ဘုရားသခင်၏ပညတ်တော်ကို သင် ချီးဖောက်ပါသလား?.....**

**သင်သည် ဘုရားသခင်ကို ကြောက်ရွံ့ပါသလား?.....**

ပညတ်တော်ဆယ်ပါးသည် ကျွန်ုပ်တို့၏စိတ်နှလုံးသားပေါ်တွင် ရေးသားထားပြီး ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်အပေါ် ကျွန်ုပ်တို့ရောင်ပြန်ဟပ်သော အခါ၊ ကျွန်ုပ်တို့မသိစိတ် က ကျွန်ုပ်တို့အား သက်သေပြု၍ အပြစ်ကို ဖော်ပြသည်(ရောမ ၂:၁၅)။ ကျိုးပြစ်မှုထင်ရှားစေခြင်းနှင့် ဝမ်းနည်းကြေကွဲသောစိတ်နှလုံးသည် ကောင်းသောအရာဖြစ်သည်။ ဘုရားသခင်၌ ဝမ်းနည်းကြေကွဲခြင်းသည် လောကီအရာ၌ ဝမ်းနည်းကြေကွဲခြင်းနှင့် ကွဲပြားမှုရှိပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့အပြစ်ပြုခြင်းအတွက် ကိုယ်တိုင်ခံစားရသည်ထက် ဘုရား သခင်အား ပို၍ စော်ကားစေသောကြောင့် ဖြစ်သည်။ အပြစ်တရားအပေါ်၌ စစ်မှန်သောဝမ်း နည်းခြင်းသည် ဘုရားသခင်၏အလိုတော်ဖြစ်၍၊ ထို့ပြင် အပြစ်မှနောင်တရခြင်းသည် ကျွန်ုပ် တို့အား ကယ်တင်ခြင်းသို့ ဦးတည်စေပါသည်(၂ကော ၇:၁၀)။

သင်၏အပြစ်ကို နောင်တရပါ။ အပြစ်မှ လွှတ်ထွက်၍ ကယ်တင်ခြင်းရရှိရန် သ ခင်ယေရှုထံသို့ လှမ်းလာပါ။

၂ကော ၅:၂၁ တွင် "ဘုရားသခင်သည် အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက် ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့် ဘု ရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း"။

ဘုရားသခင်သည် သူ၏တစ်ပါးတည်းသောသားတော်အား အပြစ်ရှိစေ၍၊ ခရစ် တော်သည် ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အပြစ်အတွက် ဘုရားသခင်၏ဖြောင့်မတ်သောအ မျက်ဒေါသကို ကျွန်ုပ်တို့ကိုယ်စား ထမ်းရွက်ခဲ့သည်။

ခရစ်တော်သည် အပြစ်ကင်းစင်သောသူ ဖြစ်သော်လည်း၊ မိမိကိုယ်တိုင် အပြစ် ကျူးလွန်သောသူကဲ့သို့ အပြစ် တရား၏အခကို ပေး ဆပ်၍ အပြစ်ပေး ခံခဲ့ရသည်။

သင်သည် အမြဲကျူးလွန်သော ပညတ်တရားနှင့် အပြစ်ပေးခံရန်သော အရာတို့ကို ခရစ်တော်သည် ပြည့်စုံစေ ခဲ့သည်။ သခင်ယေရှုသည် ဤသို့ ပြုလုပ်ရခြင်းအကြောင်းမှာ သင် ၏အသက်တာသည် ပြည့်စုံစွာ အသက် ရှင်နိုင်မည်အကြောင်းဖြစ်၍၊ သန့်ရှင်း သောဘုရားသ ခင်၏ရှေ့မှောက်တွင် ဖြောင့်မတ်သောသူဖြစ်လာ မည်အကြောင်း ဖြစ်သည်။

ကျွန်ုပ်တို့၏အပြစ်နဲ့ထိုက်တန်သော ဘုရားသခင်၏အမျက်ဒေါသသည် သခင်ယေ ရှုအပေါ်သို့ သွန်းလောင်း ခြင်းခံရသည်။ လူတို့သည် ယုံကြည် ခြင်းအားဖြင့် စည်းလုံးနိုင်မည် အကြောင်း ခရစ်တော်သည် ဘုရားသခ င်၏ပညတ်တော်ဖြစ်သောဖြောင့်မတ် သောအပြစ်စီ ရင်ခြင်းကို ခံတော်မူခဲ့သ ည်။

ဤသို့ဖြင့်၊ ခရစ်တော်သည် ကျွန်ုပ်တို့ကိုယ်စား အပြစ်ရှိသောသူအဖြ စ် ဖြစ်စေခြင်း ခံရပြီး၊ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောသူ ဖြစ်လာသည်။

ထို့ကြောင့်၊ ခရစ်တော်သည် သန့်စင်သောသူ ဖြစ်သည် “ဤ လောက၏အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏သိုးသငယ်..”ဟူ၍ ဖော်ပြထားသည်(ယောဟန် ၁:၂၉)။ သင်၏အပြစ်ကို သယ်ဆောင်ပေးသော သူ ယေရှုအား ယုံကြည်ပါ၊ ထို့နောက် သင်သည် ကယ်တင်ခြင်းခံရလိမ့်မ ည်။

ကယ်တင်ခြင်းသည် ယုံကြည်ခြင်း အားဖြင့် ဘုရားသခင်ထံလာသော လက်

ဆောင်ဖြစ်သည်။ ယုံကြည်ခြင်းသည်
ကြားနာခြင်းမှ လာပြီး၊ ဆိုလိုရင်းမှာ
“သဘောပေါက်ခြင်း” ဟူ၍ အဓိပ္ပာယ်
ရသည်။ အချို့တို့သည် နှုတ်ကပတ်
တော်ကို ကြားနာ၍ ၊ သဘောမပေါက်
ကြပေ (မဿဲ ၁၃:၁၄)။ ဘုရားသခ
ငျ်၏နှုတ်ကပတ်တော်သည် မြေဆီ
လွှာထဲ၌ စိုက်ရသော မျိုးစေ့ကဲ့သို့
ဖြစ်သည်။ မျိုးစေ့များအားလုံးသည်
အမြစ်တွယ်၍ အသီးမသီးကြပေ။ သခင်
ယေ ရှသည် တပည့်တော်များအား
မျိုးစေ့ပုံဥပမာကို အသုံးပြု၍ ကယ်တင်
ခြင်းတရားသည် မည်သို့
ဖြစ်ကြောင်းကို ရှင်းပြခဲ့သည်။ လူသည်
ကယ်တင်ခြင်းသတင်းကောင်းကို ၎င်းပုံ
ဥပမာ လေးမျိုးမှ တစ်မျိုးမျိုးဖြင့်
တုံ့ပြန်ကြလိမ့်မည်။ သူတို့သည် ငြင်း
ဆိုခြင်း၊ လျှင်မြန်စွာ တုံ့ပြန်ခြင်း၊
နှုတ်ကပတ်တော်အား နှုတ်ယူခံရခြင်း သို့
မဟုတ် စစ်မှန်စွာ လက်ခံယုံကြည်ခြင်း
တို့ပြုလုပ်လိမ့်မည်။ စစ်မှန်စွာ
ယုံကြည်သောသူတို့သည် ဘုရားသခ
ငျ်၏နှုတ်ကပတ်တော်၌ တည်၍
ဆက်လက်အသက်ရှင်သောသူတို့ဖြစ်ပြီး၊
ခရစ်တော်၏တပည့်တော်များ
ဖြစ်ကြောင်း
ကို ပြသကြသောသူများ ဖြစ်ကြသ
ည်(ယောဟန် ၈:၃၁)။ သူတို့သည်
ခရစ်တော်ကို ယုံကြည် အားကိုး၍ ၊
အသီးသီးကြသည်။

**မဿဲ ၁၃:၁၈-၂၃ ကို ဖတ်ပါ။**

ပုံဥပမာလေးမျိုးထဲတွင် တစ်ဦးသာ
ကယ်တင်ခြင်းခံရသည်။ ကယ်တင်ခြင်း
လမ်း သည် ကျဉ်းမြောင်း၍၊ အနည်းစု
သာ တွေ့ရှိကြသည်(မဿဲ ၇:၁၄)။
ယုံကြည်သောစိတ်ဖြင့် ကောင်းသောမြေ
ပေါ်တွင် စိုက်ပျိုးထားသော မျိုးစေ့များ
သာ အညှောက်ထွက်၍၊ အမြစ် တွယ်
ပြီး၊ ထို့ပြင် ဆက်လက်ကြီးထွားလာသ
ည်။

များစွာသောလူတို့သည် မိမိ
စိတ်နှလုံးကို မာကျောကြသည်။ ခရစ်
တော်၏နှုတ်က ပတ်တော်ကို ငြင်းပယ်
ခြင်းအားဖြင့် ထိုသူတို့သည် ယေရှုအား
ငြင်းပယ်ကြသည်။ ကယ်တင် ခြင်း
သတင်းကောင်းမျိုးစေ့သည် ၎င်း
တို့၏မာကျောသောစိတ်နှလုံးကို မဖော်
ထွင်းနိုင်ပေ။ အ ခြားသူများသည်
အပေါ်ယံဆက်ကပ်အပ်နှံခြင်းပြုကြပြီး၊
၎င်းတို့၏အညှောက်သည် ထွက် လာ
သည်ပုံပေါ်သည်။ သို့သော်လည်း၊
ခက်ခဲမှုများ ရောက်ရှိလာသောအခါ၊ သူ
တို့သည် သဲ ကန္တာရတွင်ပွင့်သောပန်းကဲ့
သို့ ကျို့သွားကြသည်။ ထိုနည်းတူစွာ၊
ဂျိခဏာတာ လောကီ၏ ဆွဲဆောင်မှုနှင့်
အခြားစွဲဆောင်မှုအားလုံး၏ စားသုံးခြင်း
ခံရသူများသည် ထိုအာရုံလွှင့်ပျံ့မှု များ
ကြောင့် အမှန်တကယ် မွန်းကြပ်နေပါ
သည်။ သူတို့သည် လောကနှင့်
လောကီအရာတို့ ကို ချစ်ခင်ကြပြီး၊
သို့သော်လည်း ထာဝရအဘကို ငြင်းပယ်
ကြသည်(၁ယော ၂:၁၅)။

တာဝန်ဝတ္တရားများသည် ယုံကြည်
သောသူအပေါ်၌ ရှိသည်ကို သတိပြု
ပါ။ မျိုး စေ့ကြဲသောသူနှင့် မျိုးစေ့ ပုံ
ဥပမာသည် ဘုရားသခင်၏အခွင့်ဖြစ်
သော ကယ်တင်ခြင်းတရား ဆုလဒ်ကို
လက်ခံကြဖို့ရန် စိတ်နှလုံးမာကျောကြသ
ည်။ အပေါ်ယံနှလုံးသားသည် လျင်မြ
န် စွာ၊ စိတ်ခံစားမှုဖြင့် အတုယောင်
တို့ပြိန်မှုအား ပြုလုပ်တတ်ကြသည်။
စိတ်မဝင်စား၍ အာ ရုံလွှင့်ပျံနေသော
နှလုံးသားတို့သည် လောကီနှင့်ဆိုင်
သော မှားယွင်းသော ပ္ပေ့ဖက်ခြင်း ရှိကြ
လိမ့်မည်။ သို့သော်၊ လက်ခံတတ်
သော နှလုံးသားသည် စစ်မှန်၍၊
နှက်ရှိုင်းကာ ပြောင်းလဲ သောလက်ခံခြင်း
ရှိကြသည်။

**သင်၏စိတ်နှလုံးသည် မည်ကဲ့**
**သို့ ဖြစ်သနည်း?**
**မာကျောသလား?** **ဘုရားသခ**

**ငှ်၏နှုတ်ကပတ်တော်ကို ငြင်းပယ်သ
ည်ှ။**
**တိမ်နေပါသလား? တုံ့ပြန်
သော်လည်း၊သို့သော် စစ်မှန်သော အရာ
မဟုတ်ပေ။**
**စိတ်ရှုပ်နေပါသလား? လောကကို
အမှန်တကယ် ချစ်ကြသည်ှ။**
**လက်ခံနိုင်သလား? ကြားနာပြီး၊
နားလည်ကြသည်ှ။**

ခရစ်တော်အား ငြင်းပယ်သော ပုံ
ဥပမာအကြောင်းသုံးခု ရှိပါသည်ှ။ ပုံ
ဥပမာတစ်ခု သာ ခရစ်တော်အား လက်ခံ
ယုံကြည်သည်ှ။ ယေရှုက “အသက်ရှင်
ခြင်းသို့ ရောက်သော လမ်းနှင့်တံခါးသ
ည် အလွန်ကျဉ်းမြောင်းသည့် ဖြစ်၍၊
တွေ့ဝင်သောသူတို့သည် နည်းကြ ၏”
ဟူ၍ မိန့်တော်မူခဲ့သည်(မဿဲ ၇:၁၄)။

ထိုကြောင့်၊ လူသည် စစ်မှန်သော
ကယ်တင်ခြင်းနှံ့ဆိုင်သောယုံကြည်ခြင်းကို
ရရှိ နိုင်မည်နည်း?

**ယောဟန် ၆:၃၅-၄၇ ကို ဖတ်ပါ။**

ဖန်ဆင်းခြင်းအကြောင်းသည်
ဘုရားသခင်နှင့်စတင်၍၊ ထို့ပြင်
ကယ်တင်ခြင်းတ ရားသည်လည်း
ဘုရားသခင်နှင့်သာ စတင်ပါသည်ှ။
အထံတော်သို့ ချဉ်းကပ်သောသူတို့အား
ဘုရားသခင်သည် ပယ်ရှားခြင်း မပြု
ပါ(အခန်းငယ် ၃၇)။ သို့သော်၊
ဘုရားသခင်သည် လူ တို့အား ကယ်တင်
ခြင်းရရှိနိုင်ရန် အထံတော်သို့ ဆွဲခေါ
ပါသည်(အခန်းငယ် ၄၄)။

“ထိုသူအပေါ်၌တို့သည် ဘုရားသခ
ငှ် ဆုံးမသွန်သင်တော်မူသောသူ ဖြစ်ကြ
လိမ့် မည်”ဟု ယေရှုက မိန့်တော်မူခဲ့သ
ည်(ယောဟန် ၆:၄၅)။ ဓမ္မဟောင်း
ကျမ်း၌၊ လူတို့သည် ဆုံး မသွန်သင်ခြင်း
ခံရလိမ့်မည်ဟု ထာဝရဘုရားသည်
မိန့်တော်မူခဲ့သည်(ဟေရှာ ၄၃:၁၃)။ ထို

ကြောင့်၊ ကြားနာခြင်းနှင့့် သင်ယူခြင်း တာဝန်သည့် လူတိုင်းအပေါ်၌ ရှိသည်။ လူသည် ကြား နာ၍၊ မသင်ယူပေ။

အခန်းငယ် ၄၅ တွင့် ဖခမည်းတော် ထံသို့ လာသောသူတို့နှင့့် ကယ်တင်ခြင်းရရှိ သောသူတို့သည့် ကြားနာကြ၍၊ သင်ယူကြသည်။ ယေရှုက "ကောင်းသောမြေ၌ အစေ့ကို ကြဲခြင်း အကြောင်းတရားကား၊ တရားစကားကို ကြား၍ နှလုံးသွင်းသဖြင့့်..."ဟူ၍ မိန့့် တော့ မူခဲ့သည့်(မဿဲ ၁၃:၂၃)။

ယေရှုက "ကြားစရာ နားရှိသောသူ မည်သည်ကား ကြားပါစေ"ဟု ပြောဆိုခဲ့ သော အချိန့်၌၊ သူသည့် လူတို့့်၏နှလုံးသားအပေါ်၌ ကယ်တင်ခြင်း မျိုးစေ့့် စိုက်ပျိုးခြင်းအကြောင်း ကို ပြောလိုခြင်း ဖြစ်သည့်။(မာကု ၄:၉)

**ကယ်တင်ခြင်းသတင်းကောင်းသည့် ဤသို့့ ဖြစ်သည့်။**

လူတိုင်းသည့် ဘုရားသခင်ရှေ့ တော့်၌ အပြစ်ပြုကြ၍၊ အပြစ်သား များ ဖြစ်ကြသည့် ။ အပြစ်တရား၏အခ ကား သေခြင်းဖြစ်သည့်။ သို့သော်လည်း၊ သခင်ယေရှုသည့် အပြစ်သား များအား ကယ်တင်ရန့် ကျိလ္ဂေါကသို့့ ဆင်းကြွ လာခဲ့သည့်။ ယုံကြည်သောသူတို့သည့် ထာဝ ရအသက်ကို ရရှိနိုင်ရန့် ခရစ်တော် သည့် အသေခံခဲ့သည့်။ အပြစ်သားများ အတွက့် ကိုယ်စား သူ၏အသေခံခြင်းသ ည့် သင်နှင့့် ကွန့်ပ်တို့အတွက့် ဖြစ်သ ည့်။ သင့်၏အပြစ်အတွက့် နောင့် တရလျှင်၊ သင့်၏အပြစ်အတွက့် သခင်ယေရှုသည့် ကားတိုင်ပေါ်တွင့် အသေခံခဲ့ကြောင်းကို ဝန်ခံ၍၊ ဘုရားသခင်သည့် ခရစ်တော်အား သေ ခြင်းမှ ရှင်ပြန့်ထမြောက်စေကြောင်းကို လက့် ခံယုံကြည်လျှင်၊ သင်သည့် ကယ်တင်ခြင်းရောက်လိမ့့်မည့်။

သခင်ယေရှု၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့အား ရွေးနှုတ် ကယ်တင်ခြင်းနဲ့ ဆက်နွယ်မှုရှိပါသည်။ ခရစ်တော်၏အသေခံခြင်းသည် ကျွန်ုပ်တို့အတွက် ဖြစ်ပြီး၊ သူ၏ထာဝရအသက်သည်လည်း ကျွန်ုပ်တို့အဖို့ ဖြစ်သည်။ သခင်ယေရှုသည် "ငါတို့ အပြစ်ကြောင့် အပ်နှံခြင်းကိုခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည် အကြောင်း ထမြောက်တော်မူ၏"ဟူ၍ မိန့်တော်မူသည်( ရောမ ၄:၂၅)။

ကားတိုင်ပေါ်၌ ခရစ်တော်၏ပြီးမြောက်သောလုပ်ဆောင်မှုဖြင့်၊ ခရစ်တော်သည် ဖြောင့်မတ်ခြင်းအားလုံးကို ပြည့်စုံစေခဲ့သည်။ ပညတ်တရား၏တောင်းဆိုမှုသည် ပြီးမြောက်ခြင်းရှိသောအခါ၊ လူသည် ထိုကျိန်ခြင်းအောက်တွင် မရှိကြတော့ပေ။ ခရစ်တော်၏ရှင်ပြန် ထမြောက်ခြင်းက ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ကျေနပ်မှုရှိကြောင်းကို သက်သေပြခဲ့သည်။

နှုတ်ကပတ်တော်က ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍" ဆိုပြီး ဖော်ပြထားသည်(ဖေက် ၂:၆)။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌ စည်းလုံးကပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ သေ၍၊ ခရစ်တော်နှင့်အတူ ထမြောက်ကြသည်ဟု သိ မှတ်ခြင်းခံရသည်။ အတူတကရှင်ပြန်ထမြောက်ကြပြီး၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း ရှိ၍၊ ဘုရားသခင်၏မျက်နှာသာပေးခြင်း ခံရကြသည်။ ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်၍ "အကြောင်းမူကား၊ ကောင်းကင်အောက်၌ ရှိသမျှသော ဝေနေယျသတ္တဝါတို့အား ဟော ပြောသဖြင့်၊ သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ မရွေ့လျော့ဘဲ.."ဟူ၍ ဖော်ပြထားသည်(ကော

၁:၂၂)။

**ရောမ ၁၀:၉-၁၀ ကို ဖတ်ပါ။**

သင်တို့သည် ကယ်တင်ခြင်း သတင်းကောင်းကို ကြားနာပြီးဖြစ်သည်။ ဤအရာ၌ သင်တို့သည် မည်သည့် မေးခွန်းရှိသနည်း? သင်တို့ နားမလည်သော အရာများ ရှိပါသလား?

**မေးခွန်းများ?**

**၁ကော ၁၅:၁-၄ ကို ဖတ်ပါ။**

လူတို့သည် အပြစ်မှ လွှဲ၍ သူ့အား ယုံကြည်လက်ခံရန် ဘုရားသခင်သည် လူတို့အား တောင်းဆိုထားသည်။ ရှင်ပေါလုသည် ခရစ်တော်၏သံတမန်အဖြစ် မိမိကိုယ်ကို မြင်တွေ့ခဲ့သည်။ "ဘုရားသခင်သည် ငါတို့အားဖြင့် နှုံးဆော်သွေးဆောင်တော်မူသကဲ့သို့၊ ငါ တို့သည် ခရစ်တော်၏ကိုယ်စား ဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏"ဟူ၍ ဖော် ပြထားသည်(၂ကော ၅:၂၀)။

သခင်ယေရှု၏ကယ်တင်ခြင်း သတင်းကောင်းကို သင် ကြားသိ၍ နားလည်မှုရှိပါ သလား? သင်သည် ခရစ်တော်ကို ယုံကြည်၍ မိမိကယ်တင်ပိုင်ရှင်အဖြစ် ဝန်ခံပါသလား?

**ဟုတ်ကဲ့**

**.....  မဟုတ်သေးပါ.....**

ဘုရားသခင်နဲ့ပြန်လည်သင့်မြတ်ခြင်းကို မစွန့်လွှတ်ပါနဲ့။ ကြွန့်ကြာခြင်းသည် ပ ညာရှိခြင်း မဆန်ပါ။ မနက်ဖြန်ဟူသည် အလွန်နောက်ကျသည်။

"...ဗျာဒိတ်တော် အချက်ဟူမူကား၊ အချက်ဟူမူကား၊ နှစ်သက်ဖွယ်သောအချို

နှ်၌ သင်၏စကားကို ငါနားထောင်ပြီး။ ကယ်တင်ခြင်းနေ့ရက်ကာလ၌ သင့်ကို ငါမစပြီဟု လာ သည်နှင့်အညီ…”
(၂ကော ၆:၂)။ ထိုနည်းတူပင်၊ “သနှ့် ရှင်းသောဝိညာဉ်တော်် မိန့်တော်မူသည်ကား၊ ယနေ့တွင် သင်တို့သည်် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည်် ဖြစ်၍၊ ခိုင်မာ သော စိတ်နှလုံး မရှိကြနှင့်…”(ဟေဗြဲ ၃:၇-၈)။


လူတိုင်းသည်် ကယ်တင်ခြင်း မခံရကြပေ။ ခရစ်တော်အား ၎င်းတို့ငြင်းပယ်ခြင်း သည်် နာမခံခြင်းပင် ဖြစ်သည််။ နှုတ်ကပတ်တော်က “…ထိုကြောင့်၊ အချို့တို့သည်် ဝင်ရကြ၏။ ဝမ်းမြောက်စရာ သတင်းကို ရှေဦးစွာ ကြားရသော သူတို့သည်် မယုံကြည်သောကြောင့် မဝင်ရကြပြီ” (ဟေဗြဲ ၄:၆)။

သင်သည်် ကယ်တင်ခြင်းရရှိသည်ကို မသေချာလျှင် သို့မဟုတ် သင်၌ထပ်မံမေးခွန်း များရှိနေသေးလျှင်၊ ရှေ့လျှောက်ခြေလှမ်းများစာအုပ်ငယ်၌ ဆက်လက်ဖတ်ရှုပြီး၊ စစ်မှန်သော ကယ်တင်ခြင်းသတင်းကောင်းအကြောင်းကို သင်ယူပါ။ ထို့ပြင်၊ ရှင်ယောဟန် ခရစ်ဝင်ကို ဖတ်ပါ။ ခရစ်တော်သည်် ကယ်တင်သောအရှင်နှင့် အရှင်သခင်ဖြစ်ကြောင်းကို ထပ်ခါထပ်ခါသက်သေပြု ဖော်ပြထားသည််။ အမှန်တကယ်၌၊ “ယေရှုသည်် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍နာ မတော်အားဖြင့် အသက်ကို ရမည်အကြောင်း”ဟူ၍ ရှင်ယောဟန်ကျမ်းသည်် ရေးသားထားသည််(ယောဟန် ၂၀:၃၁)။

**အဓိကဆွတ်ထုတ်ချက်် - ယုံကြည်ခြင်း**
“အကျွန်ုပ်ယုံကြည်ပါ၏သခင်။ မယုံကြည်သည်ကို မစတော်မူပါ” - **မာကု ၉:၂၄**

## မှတ်သားချက်များ

## မှတ်သားချက်များ




## ဒုတိယခြေလှမ်း - နှစ်ခြင်းမင်္ဂလာ

နှစ်ခြင်းမင်္ဂလာသည် နောက်ခြေလှမ်းတစ်ခု ဖြစ်သည်။

နှစ်ခြင်းမင်္ဂလာသည် ခရစ်တော်၌ ယုံကြည်သူတစ်ဦး၏သက်သေပြုခြင်းတစ်ခုဖြစ် သည်။ ဤအရာက ယုံကြည်သူသည် ခရစ်တော်၌ လုံးဝတည်ရှိခြင်းအကြောင်းကို သက်သေ ပြုသောအရာ ဖြစ်သည်။ ဤအရာက ခရစ်တော်၏သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတို့ကို ကျွန်ုပ်တို့၏ကိုယ်ပိုင် ဖြစ်လာစေသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်၏ပြစ်ဒဏ်ကို ခံယူ ခဲ့ပြီး၊ ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည်

ထာဝရအသက်နှင့် ဖြောင့်မတ်ခြင်း တရားကို ဝေမျှ ခြင်းခံရသည်။

နှစ်ခြင်းမင်္ဂလာသည် ခရစ်တော်အားဖြင့် တည်ရှိ၍၊ တမန်တော်များက လေ့ကျင့် ကြသည်(မဿဲ ၂၈:၁၉)။ ဤအရာက ကျွန်ုပ်တို့၏ကယ်တင်ရှင်ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့ ဘုန်းကြီးသောပေါင်းစည်း ခြင်းအတွက် မရှိမဖြစ်လိုအပ်သော သက်သေတစ်ခု ဖြစ်သည်( ရောမ ၆:၃-၆)။

သို့သော်၊ အချို့သောသူတို့သည် နှစ်ခြင်းမင်္ဂလာအတွက် အဆင်သင့်မဖြစ်ကြသေး ပေ။ တမန်တော်ဝတ္တုစာအုပ်က ဖိလစ်သည် ဧဝံဂေလိတရားကို ဟောပြောနေပြီး၊ ရှိမုန်က မှားယွင်းစွာ စွပ်စွဲခဲ့သည်ကို မှတ်တမ်းတင်ထားသည်။ ရှိမုန်သည် မကြာမီ အချိန်တွင် နှစ် ခြင်းမင်္ဂလာခံယူသော ပုံသက်သေတစ်ဦး ဖြစ်လာခဲ့သည်။ ပေတရုသည် သူ့အား ပြုပြင်ရန် လုံလောက်စွာ ပိုင်းခြားသိမြင်ခဲ့သည်။

**တမန်တော်ဝတ္တု ၈:၉-၁၃ ကို ဖတ်ပါ။**

**ရှိမုန်၏စိတ်ထားကား အဘယ်နည်း?**

ရှိမုန်၏စိတ်ထားသည် မှားယွင်း၍၊ အထူးသဖြင့် သူသည် စစ်မှန်စွာ နောင်တရခြင်း မရှိသေးပေ။ သူ၏စိတ်ထားအား ပြောင်းလဲခြင်း မရှိသေးပေ။ ရှိမုန်၏ပရိသတ်များသည် ဖိလစ်၏သတင်းကောင်း ဟောပြောခြင်းကို ကြားနာခဲ့ကြသည်။ သူတို့သည် ယုံကြည်၍၊ နှစ်ခြင်းမင်္ဂလာကို ခံယူကြသည်။ ရှိမုန်သည် လူအုပ်နှင့်အတူ လိုက်ပါခဲ့သည်။

ရှိမုန်သည် ခရစ်တော်ကို ယုံကြည်ကြောင်းကို ဝန်ခံ၍ နှစ်ခြင်းခံခဲ့သည်။ သို့

သော်၊ သူ၏စိတ်နှလုံးသည် အသစ်တ
ဖန်ပြောင်းလဲခြင်း မရှိပေ။ သူသည် တန်း
ခိုး/အာဏာနောက် ကိုသာ ငမ်းငမ်းတက်
လိုချင်ခဲ့ပြီး၊ ဝယ်ဖို့ရန် ကြိုးစားခဲ့သ
ည်။

**တမန်တော်ဝတ္တု ၈:၁၈-၂၁ ကို ဖတ်
ပါ။**

**ဘုရားသခင်၏လက်ခံခြင်းသည်
ဝယ်ယူ၍ ရနိုင်ပါ
သလား?.....**

ရှိမုန်သည် မှားယွင်းစွာ
ပြောင်းလဲသည်ကို ပေတရုသည်
ပိုင်းခြားသိမြင်ခဲ့သည်။ ပေ တရုသည်
မှန်ကန်သောအရာကို ပြုလုပ်ခဲ့ပြီး၊ သူ၏
စစ်မှန်သောနောင်တရခြင်းအတွက်
တောင်းဆိုခဲ့သည်။

ယေရှုသည် လူတို့အားနောင်တရရ
န် နှင့် ကယ်တင်ခြင်းသတင်းကောင်း
အား လက် ခံယုံကြည်ရန် တောင်းဆိုခဲ့
သည်(မာကု ၁:၁၅)။ ဓမ္မသစ်ကျမ်းတစ်
လျှောက်တွင်၊ လူတို့သည် ဘုရားသ
ခင်၏နှုတ်ကပတ်တော်ကို ကြားနာ၍၊
ကယ်တင်ခြင်းသတင်းကောင်း နားလည်
သ ဘောပေါက်ကြသောအချိန်တွင်၊
“ကျွန်ုပ်တို့ ဘာလုပ်သင့်သနည်း?”ဟူ၍
မေးကြသည်။

ယောဘသည် စစ်မှန်သောနောင်တ
တရားက မည်သို့ ဖြစ်ကြောင်းကို ဖော်ပြ
သည်။ ယောဘက “ထို့ကြောင့်၊
အကျွန်ုပ်သည် ကိုယ်ကိုရွံရှာပါ၏။ မြေ
မှုန့်နှင့် မီးဖိုပြာ၌ ထိုင်၍ နောင်တရ
ပါ၏ဟု လျှောက်လေ၏”(ယောဘ
၄၂:၆)။ ဤအရာက ငြီးတွားခြင်း၏လက္ခဏာ တစ်ခု ဖြစ်သည်။ မြေမှုန့်သည် ဗလာနတ္တိ ၏ သင်္ကေတဖြစ်သည်။ ယောဘသည် ဘုရားသခင်ရှေ့တော်၌ နိမ့်ကျစွာ ရှိနေသည်ကို သိမှတ်သောအခါ၊ သူသည် မိမိ၏စိတ်ထားကို ပြောင်း လဲခဲ့သည်။

နောင်တရခြင်းဆိုသည်မှာ သင်၏အပြစ်သည် ဘုရားသခင်နှင့် ဆန့်ကျင်၍ ရှိသည် ကို သိရှိနားလည်ခြင်း ဖြစ်ပြီး(ဆာလံ ၅၁:၄)၊ ဆိုးယုတ်သောအကျင့်မှ လှည့်ပြန်ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို ရင်ဆိုင်၍၊ နောင်တရရန် လုံ့ဆော်ပေး သည်။ တို့ပြန်သောအားဖြင့်၊ ကျွန်ုပ်တို့သည် “ဘုရားသခင်၊ အကျွန်ုပ်၌ သန့်ရှင်းသောစိတ်နှ လုံးကို ဖန်ဆင်းတော်မူပ။ အကျွန်ုပ်အထဲ၌ တည်ကြည်သော စိတ်ဝိညာဉ်ကို အသစ်ပြုပြင် တော်မူပ” (ဆာလံ ၅၁:၁၀)။

စစ်မှန်သောနောင်တသည် ခရစ်တော်ထံသို့ စိတ်နှလုံးရောက်ခြင်း ဖြစ်သည်။ ယဇ် ပုရောဟိတ်ထံ လာဘ်ပေးလာဘ်ယူခြင်း၊ ဝတ်ပြုဆုတောင်းခြင်း၊ ငွေပေးဆောင်ခြင်းနှင့် သို့ မဟုတ် သင့်အပြစ်ကို ဝန်ချတောင်းပန်ခြင်း အတွက် အရှုံးမဖြစ်စေနှင့်။ ဘုရားသခင်၏ ခွင့် လွှတ်ခြင်းရရှိရန် ကြိုးစားသော ရှိမန်ကက်သလစ်အသင်းတော်များ၏အယူဝါဒသည် အပြင် ပန်းအားထုတ်မှုမှန်သမျှတို့အား ထာဝရအပြစ်စီရင်သည့် ဘုရားသခင်၏ကျေးဇူးတော်ကို သမ္မာတရားနည်းလမ်းမကျစွာဖြင့် ရှုံ့ချခြင်းဖြစ်သည်(ဂလာ ၁:၈)။ ဘာသာရေးထုံးတမ်းဓလေ့များသည် အပြစ်ကို ခံယူပြီး စိတ်နှလုံးမှ နောင်တရ၍၊ ကယ်တင်ခြင်းရရှိရန် ခရစ်တော် ထံသို့ လှည့်သွားရမည်ဟု မဆိုလိုကြပေ။

ဇာတိပကတိအပြုအမူနှင့် လွဲမှားသောပြောင်းလဲခြင်းဖြင့် ယုံကြည်သူဟုကြွေး ကြော်ကြသောသူတို့က သာဓကပြထားကြပြီး၊ ဤအရာက ယခုမှောက်ခေတ်အသင်းတော် ၏ ဘေးဒဏ် ဖြစ်သည်။ လူသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဆက်လက်မ

တည်လျှင်၊ သူသည် ခရစ်တော်၏စစ်မှန်သောတပည့်တော်ဟူ၍ မိမိကိုယ်ကို သက်သေမပြုနိုင်ပေ ( ယောဟန် ၈:၃၁)။ စစ်မှန်သောတပည့်တော်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဆက်လက်တည်၍၊ သူတို့သည် သန့်ရှင်းစင်ကြယ်ခြင်းခံရသည် (ယောဟန် ၁၇:၁၇)။

**ယောဟန် ၈:၃၁ နှင့် ယောဟန် ၁၇:၁၇ ကို ဖတ်ပါ။**

**အတုအယောင်ပြောင်းလဲကြသူများသည် အဘယ်ကြောင့် များပြားကြရသနည်း?**

နောင်တရခြင်းသည် ကျွန်ုပ်တို့စိတ်ဆန္ဒနေရာကို အပြစ်အတွက် ဘုရားသခင်၏အ ပြစ်အထင်သေးခြင်း၌ အစားထိုးခြင်းဖြစ်သည်။ နောင်တရခြင်းဆိုသည်မှာ ကျွန်ုပ်တို့အပြစ် ကြောင့် ခရစ်တော်သည် အတိုင်းအဆမရှိသောပူဆွေးသောက၊ ဝေဒနာခံစားခြင်း၊ နာကျင်ခြင်း၊ ငြင်းပယ်ခံရခြင်း၊ ဆင်းရဲဒုက္ခနှင့် သေခြင်းတို့ ခံယူသည်ကို နားလည်သဘောပေါက် ခြင်းပင် ဖြစ်သည်။ နောင်တရခြင်းသည် သခင်ယေရှုအား လက်ဝါးကပ်တိုင်ပေါ်တွင် တင်ဆောင်ခြင်း ၌ ကျွန်ုပ်တို့၏တာဝန်ဖြစ်ကြောင်း အသိအမှတ်ပြုခြင်း ဖြစ်သည်(တမန် ၂:၂၃)။

**ဟေရှာယ ၅၃:၃-၆ ကို ဖတ်ပါ၊ ထို့ပြင် သင့်အပြစ်ကြောင့် ယေရှုခံနိုင်ရည်ရှိပုံကို ဖော်ပြသည့် စကားလုံးများကို မျဉ်းသားပါ။**

ဘုရားသခင်သည် သူ၏တစ်ပါးတည်းသောသားတော်ကို မထီမဲ့မြင်ပြုခြင်း၊ ညှဉ်း ပန်းနှိပ်စက်ခြင်း၊ ရိုက်နှက်ခြင်း၊ ရိုက်ပုတ်ခံရခြင်း နှင့် လက်ဝါးကပ်တိုင်မှာ ရိုက်နှက်ခြင်းတို့ ကို ဖြစ်စေသောကြောင့် ကျွန်ုပ်တို့အား ခွင့်

လွတ်ရန် ဘုရားသခင်ထံသို့ တောင်းပန်းသင့်သည်။

စစ်မှန်သောနောင်တရခြင်းသည် အပြစ်မှ လွှဲရှောင်ခြင်း ဖြစ်သည်။ ဤအရာက အပြစ်အတွက် ဝမ်းနည်းခြင်းထက် အပြစ်ကို စွန့်လွတ်ခြင်း ဖြစ်သည်။ လူသည် စစ်မှန်စွာ သူ၏စိတ်ကို ပြောင်းလဲ၍၊ ခရစ်တော်အား မိမိကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်လျှင်၊ သူ၏အကျင့်သည် သူ၏ယုံကြည်ခြင်းနှင့် ထပ်တူကျလိမ့်မည်။

ယုံကြည်သောသူတို့သည် အသစ်ပြုပြင်သောသတ္တဝါဖြစ်ကြသည်(၂ကော ၅:၁၇)။ ထိုသူတို့သည် ခရစ်တော်ကို ရာကြ၍၊ မြေကြီးပေါ်၌ရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိကြ၊ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြ၍၊ သူတို့သည် အသက်သည် ခရစ်တော် နှင့် အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိကြ၏(ကောလော ၃:၁-၃)။ သူတို့၏စိတ်နှင့်နှလုံး သားတို့သည် ဘုရားသခင်ထံသို့ ဆာလောင်၍ မျော်လင့်ကြသည်။

**ဆာလံ ၄၂:၁-၂ ကို ဖတ်ပါ။**

**သင်၏ဝိညာဉ်သည် ဘုရားသခင်ကို ဆာလောင်နေပါသလား?.....**

လူတစ်ဦး၏စိတ်နှလုံးသည် ဘုရားသခင်နှင့် မှန်ကန်မှုမရှိလျှင်၊ သူသည် နှစ်ခြင်း မင်းဂလာကို မခံယူသင်ပေ။ ရှိမုန်က သူ၏နည်းလမ်းဖြင့် ယုံကြည်ခြင်းကို ဝယ်ယူရန် ကြိုးပမ်း ခဲ့ပြီး၊ ပေတရုက သူ့အား ရှုတ်ချ၍ ပြုပြင်ပေးခဲ့သည်။ ငွေကြေး သို့မဟုတ် ဘာသာရေးဆိုင် ရာဓလေ့များ သို့မဟုတ် ကောင်းသောအကျင့်တို့သည် ဘုရားသခင်ရှေ့တွင် သင့်အား ဖြောင့်မတ်စေရန် မစွမ်းဆောင်နိုင်ပါ။ ကျွန်ုပ်

တို့သည် သခင်ယေရှုအား ယုံကြည်ခြင်း အားဖြင့် ကျေးဇူးတော်ကြောင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သော သူ ဖြစ်ကြ၏။ နှုတ်ကပတ် တော်က “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူ မျှ ဝါကြွားစရာ အခွင့်မရှိ”ဟူ၍ ဖော်ပြထားသည် (ဧဖက် ၂:၈-၉)။

ထို့ကြောင့်၊ ခရစ်တော်ထံသို့ လှည့်ပြန်သောသူများနှင့် သူ့အား မိမိကယ်တင်ပိုင်ရှင် အဖြစ် လက်ခံယုံကြည်သောသူတို့သာလျှင် ကယ်တင်ခြင်းရရှိ၍ နှစ်ခြင်းမင်္ဂလာ ခံယူသင့်သည်။ နှစ်ခြင်းမင်္ဂလာသည် သင့်အား အသစ်သောစိတ်နှလုံးကို မပေးပါ၊ သို့သော် ကယ် တင်ခြင်းကို အံသိအမှတ်ပြုပေးခြင်းသာ ဖြစ်သည်(တမန် ၁၀:၄၇)။ ဤနှစ်ခြင်းမင်္ဂလာက သင်သည် ယုံကြည်ခြင်းအားဖြင့် ခရစ်တော်နှင့်အတူ စည်းလုံးခြင်းရှိပြီး၊ ခရစ်တော်အား သင် ပိုင်ဆိုင်ကြောင်းကို သက်သေပြုပေးသော နာခံခြင်းနဲ့ဆိုင်သော လုပ်ဆောင်ချက်တစ်ခုသာ ဖြစ်သည်(ဂလာတိ ၃:၂၇- ၂၉)။

ရိုးရှင်းသောနှစ်ခြင်းမင်္ဂလာ၏သင်္ကေတမှာ ရေထဲသို့နှစ်ခြင်း ဖြစ်သည်။ ဂရိဘာသာ စကားလုံးဖြင့် *baptize* ဖြစ်၍၊ အဓိပ္ပာယ်မှာ “ရေထဲသို့နှစ်ခြင်း သို့မဟုတ် ရေနှစ်ခြင်း”ဟူ၍ ဖြစ်သည်။ ခရစ်တော်သည် မိမိကိုယ်တိုင် “ရေနှစ်ခြင်းမင်္ဂလာ”ခံယူ၍ ရေထဲမှ ထွက်လာ သောအခါ၊ ရေနှစ်ခြင်း၏ရိုးရှင်းသောသင်္ကေတကို ဖော်ပြခဲ့သည်(မဿဲ ၃:၁၆)။ ရေနှစ်ခြင်း နှင့် ရေထဲသို့ ဆင်းခြင်း တို့သည် အဓိကသင်္ကေတများ ဖြစ်ကြသည်။ ရေပက်ဖျန်း

ခြင်းသည် နှစ်ခြင်းမင်္ဂလာ မဟုတ်ပါ။ ရေပက်ဖျန်းခြင်းအားဖြင့် ရေနှစ်ခြင်းသည် ကွဲလွဲဆန့်ကျင်ခြင်း ဖြစ်သည်။

အချို့သောသူတို့သည် ကလေးဘဝ၌ပင် ရေနှစ်ခြင်းကို ခံယူကြသည်။ ဤအရာက မိန့်တော်မူချက်၏အပြင် ဘက်ကိစ္စ ဖြစ်သည်။ ကယ်တင်ခြင်းသည် ရေနှစ်ခြင်းမင်္ဂလာ မ တို်ငမီ ဖြစ်သည်(တမန် ၈:၁၂)။ ရေနှစ်ခြင်းသည် တစ်မျိုးတည်းသာ ရှိပါသည်(ဧဖက် ၄:၅)။ ကယ်တင်ခြင်းမရရှိမီ သင်သည် ရေပက်ဖျန်းခြင်းခံရလျှင်၊ သင်သည် သမ္မာတရားနှင့်အညီ ပြန်လည်၍ ရေနှစ်ခြင်း ခံယူသင့်ပါသည်။

အချို့သောသူတို့သည် ကလေးဘဝအချိန်တွင် ဆုတောင်းခြင်းကို ပြုလုပ်စေကြ၍၊ စစ်မှန်သောပြောင်းလဲခြင်းမရှိဘဲ သူတို့သည် ရေနှစ်ခြင်းမင်္ဂလာကို ခံယူကြသည်။ သင်၏ရေ နှစ်ခြင်းမင်္ဂလာခံယူပြီးနောက်တွင် ၊ စစ်မှန်သောကယ်တင်ခြင်းယုံကြည်ခြင်းကို သင်ရရှိလျှင် ၊ သင်သည် ပြန်လည်၍ ရေနှစ်ခြင်း ခံယူသင့်ပါသည်။

ရေနှစ်ခြင်းမင်္ဂလာသည် သခင်ယေရှုနှင့်အတူ လူရှေ့သူကြား ဖော်ပြသောထင်ရှား သောအမှတ်အသားတစ်ခု ဖြစ်သည်။ ဤအရာက“ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂဳိလ် ခြင်းကို ခံကြ၏။ ဗတ္တိဇံကိုခံ ၍၊ ထိုသခင်နှင့် အတူ ထမြောက်ခြင်းရောက်ကြ၏” (ကော ၂:၁၂) ။

ခရစ်တော်သည် ခရစ်ယာန်များအား ရေနှစ်ခြင်းမင်္ဂလာပေးခြင်းအခွင့်ကို ပေးထား ပြီး၊ ယုံကြည်သူများအား ရေနှစ်ခြင်းခံယူရန် မိန့်တော်မူထားသည်(မဿဲ ၂၈:၁၉-၂၀)။ ဒေ သန္တရအသင်းတော်သည် ရေနှစ်ခြင်းမင်္ဂလာခံယူဖို့ရန် အကောင်းဆုံးသော နေရာ

တစ်ခု ဖြစ် သည်။ သင်းအုပ်ဆရာ သို့မ
ဟုတ် အသင်းတော်လူကြီးတို့သည်
သင်၏ပြောင်းလဲခြင်းနှံ့ဆိုင် သော
သက်သေခံခြင်းကို ကြားနာသင့်ပါသ
ည်။ ယုံကြည်သူများအုပ်စုလိုက်သည်
မြစ်ထဲ၌၊ ရေကန်၌ သို့မဟုတ် ပင်
လယ်၌ ရေနှစ်ခြင်းမင်္ဂလာကို ခံယူရ
န် ရွေးချယ်နိုင်သည်။ လူရှေ့ရေ နှစ်
ခြင်းမင်္ဂလာခံယူခြင်းသည် ကြီးမြ
တ်၍၊ အခြားသူများအား သက်သေခံနိုင်
သောအခွင့်အ ရေးကို ပြုလုပ်နိုင်သည်။
မည်သည့်နေရာတွင် ခရစ်တော်အား
သင်သည် နာခံ၍ ရေနှစ်ခြင်း ခံယူလျှင်
အဆင်ပြေပါသည်။ မည်သည့်ရေထဲသို့
မဆို သင်သည် ရွေးချယ်၍
သွားရောက်ခဲ ယူနိုင်သည်။

**သမ္မာတရားနှံ့ညီသော ရေနှစ်ခြင်းမ
င်္ဂလာကို သင်ပြုလုပ်ပြီးပါ
သလား?.....**

မခံယူသေးလျှင်၊ အဲသယောပိုပြည်
ကို အစိုးရသော အမတ်ကဲ့သို့ ရေနှစ်ခြင်း
မင်္ဂလာ ခံယူသကဲ့သို့ သင်သည်
နောက်ခြေလှမ်းလှမ်းနိုင်သည်။ ဖိလိပ္ပု
သည် အမတ်အား နှုတ်က ပတ်တော်မှ
ခရစ်တော်အကြောင်းကို ဟောပြောခဲ့၍၊
သူသည် ယုံကြည်လက်ခံသည်။

**တမန် ၈:၃၅-၃၈ ကို ဖတ်ပါ။**
**သတင်းကောင်းကြားနာပြီးနောက်၊
သူ၏တောင်းဆိုချက်က မည်သည့်အရာ
ဖြစ် သနည်း?**

**သင်သည် ရေနှစ်ခြင်းမင်္ဂလာ
ကို ခံယူချင်ပါသလား?**
**.....**

အကယ်၍ ခံယူလိုလျှင်၊
သင်၏သင်းအုပ်ဆရာနှင့် တိုင်ပင်၍
ရေနှစ်ခြင်းနွေရက်ကို ရက် သတ်မှတ်
ပါ။ သင်၏နာခံခြင်းခြေလှမ်းလှမ်းခြင်း
အကြောင်းအား သက်သေပြရန် မိသားစု


နှင့် မိတ်ဆွေများအား ဖိတ်ခေါ်ပါ။

**အချိန်/အသက် ရေနှစ်ခြင်းခံယူသော အခါ.....**

အဓိက ဆုတောင်းချက် - ရေနှစ်ခြင်းမင်္ဂလာ
"ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေ့တွာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက် ဖြစ် မည်အကြောင်း"
**(၄ဖက် ၁:၃)**

## မှတ်သားချက်များ

# မှတ်သားချက်များ




**တတိယခြေလှမ်း - ပိုင်ဆိုင်ခြင်း**

“အသင်းတော်”ဟူသော စကားလုံးသည် ဂရိဘာသာစကား နာမဝိသေသနဖြစ်သော *Kyriakos* မှ ဆင်းသက်လာပြီး၊ အဓိပ္ပာယ်မှာ “ ထာဝရဘုရားကို ပိုင်ဆိုင်ခြင်း” ဖြစ်သည်။ ဤစကားလုံးသည် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်း၌ ဆည်းကပ်ထားသောနေရာကို ဖော်ပြရန် မကြာခဏ အသုံးပြုကြသည်။

ဓမ္မသစ်ကျမ်းတွင်၊ ဂရိဘာသာစကား *ekklesia* ဟူ၍ အသုံးပြုထားပြီး၊ ဒေသန္တရ အသင်းတော်ကို ဆိုလိုခြင်းဌာ အသုံးပြုထားသည်။ ဤအရာ၏ ဆိုလိုရင်းမှာ “ခေါ်ထုတ်ခြင်း ခံရသော အသင်းအဖွဲ့”ဟူ၍ အဓိပ္ပာယ်ရပါသည်။

ဤစကားလုံးအား အင်္ဂလိပ်
ဘာသာစကား လုံးဖြင့် အသင်းတော်
ဟူ၍ ပြန်ဆိုထားသည်။ အဘယ်ကြောင့်ဆိုသော်၊ ဒေသန္တရအသင်း တော်သည် ဘုရားသခင်၏ အထူးပြုသောလူများအဖြစ် ခေါ်ထုတ်ခြင်းခံရသူများဖြစ်ကြ သည်။

ထိုကြောင့်၊ အသင်းတော်အား တည်နေရာ (တမန် ၁၃:၁) နှင့် ယုံကြည်သူများ၏ ကိုယ်ခန္ဓာဟူ၍ နှစ်ခုလုံးကို သမ္မာတရားနဲ့ညီစွာ ဖော်ညွှန်းထားသည်။

ကြိမ်ဖန်များစွာ ဓမ္မသစ်ကျမ်းထဲ၌၊ အသင်းတော်သည် ခရစ်ယာန်များ စုဝေးခြင်း အဖြစ် ညွှန်ပြထားသည်။ ယုံကြည်သူတို့ငင်းသည် ဒေသန္တရအသင်းတော်ကို ပိုင်ဆိုင်ကြသည်။ ပေတရု၊ ယာကုပ် နှင့် ယောဟန်တို့သည် ယေရုရှလင်မြို့၌ အသင်းတော်ပိုင်ဆိုင်ကြသည်။ (တမန် ၁၂:၁-၃)။

## မည်သည့်အသင်းတော်အား သင် ပိုင်ဆိုင်သနည်း?

ဘုရားသခင်၏ထူးခြားသောချစ်ခြင်းမေတ္တာနှင့် သူ၏လူတို့အားဂရုစိုက်ခြင်းအား ဖော်ပြရန် နှုတ်ကပတ်တော်သည် ထိမ်းမြားခြင်းမင်္ဂလာကို တင်စားမှုအဖြစ် အသုံးပြုထား သည်။ ဘုရားသခင်သည် သူ၏လူတို့အား ဖြောင့်မတ်ခြင်း၊ တရားမျှတခြင်း၊ မျက်နှာသာပေး ခြင်း၊ သနားကြင်နာခြင်း၊ သစ္စာရှိခြင်းနှင့် ဉာဏ်ပညာအားဖြင့် ပေါင်းသင်းဆက်ဆံရေး၌ အမှတ်သားဖွယ်စေမည့် သတို့သမီးအဖြစ် တင်စား၍ ဂတိပြုထားသည်(ဟောရှေ ၂:၁၉-၂၀) ။

ဓမ္မသစ်ကျမ်းတွင်၊ ဤထိမ်းမြားခြင်းမင်္ဂလာကို ခရစ်တော်နှင့် သူ၏ချစ်သောသတို့ သမီး(အသင်း

တော်) ကြား တည်ရှိသောအထူးဆက်ဆံ
ရေးကို ဖော်ပြရန် အကျယ်တဝန်း အ သုံး
ထား သည်။

ခရစ်တော်သည် "မိမိကိုယ်ကို
ပေးဆပ်သည့်တိုင်အောင်" အသင်း
တော်အား အ လွန်ချစ်ပါသည်(ဧဖက်
၅:၂၅)။ ခရစ်တော်သည် ကောင်းကင်ဘုံ
ကို စွန့် လွှတ်ပြီး၊ ကျွန်ုပ်တို့
၏အားနည်းချက်များနှင့်ကန့်သတ်
ချက်များအားလုံးကို ခံယူကာ၊ ဖြောင့်
မတ်ခြင်းအလုံစုံကို ပြီးပြည့်စုံစေ၍၊
လက်ဝါးကားတိုင်ပေါ်တွင် အသေခံသ
ည့်တိုင်အောင် မိမိကိုယ်ကို အလွန်နှိမ့်
ချလျက်ရှိသည်။ အဘယ်ကြောင့်ဆို
သော်၊ သူသည် အသင်းတော်ကို အလွန်
ချစ်သောကြောင့် ဤသို့ လုပ်ဆောင်
ခြင်း ဖြစ်သည်။

"အညစ်အကြေးတင်ခြင်း၊ အရေတ
န့်ခြင်းမှ စသည်တို့နှင့် လွတ်လပ်သဖြ
င့်၊ အသ ရေတင့်တယ်လျက်ရှိသော
အသင်းတော်ကို ခရစ်တော်သည် မိမိ
အား ဆက်သအံ့သောငှာ၊ နှုတ်ကပတ်
တော်ရေခြည် ဆေးကြောခြင်းအားဖြင့်
စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထို
အ သင်းတော်အဘို့အလို့ငှာ ကိုယ်ကိုစွန့်
တော်မူ၏" ဟူ၍ ခရစ်တော်သည်
အသင်းတော်အဖို့ငှာ ကားတိုင်ပေါ်တွင်
မိမိကိုယ်ကို စွန့်တော်မူခဲ့သည်(ဧဖက်
၅:၂၆-၂၇)။ အသင်းတော်သည် သန့်
ရှင်းစင်ကြယ်ရန် နှင့် သူထံ၌ သစ္စာရှိရ
န် ၊ သူ၏ပြည့်စုံသောသန့်ရှင်း
စင်ကြယ်ခြင်းအား ပံ့ဖော်စေရန်
ခရစ်တော်သည် အလိုရှိသည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏သတို
သမီး ဖြစ်သည့်နှအလျှင်၊ သစ္စာရှိခြင်းနှင့်
သန့်ရှင်း စင်ကြယ်ခြင်းတို့ ရှိရမည်
ဖြစ်သည်(၁ပေ ၁:၁၆)။ သန့်ရှင်း
စင်ကြယ်ခြင်း၌ ရွေးချယ်ခွင့် မရှိပေ။
ဘုရားသခင်၏ နှုတ်ကပတ်တော်မှ
နှင့် ခရစ်တော်၏ ပံ့သဏ္ဌာန်နဲ့အညီ

အသက်ရှင် သောသူများကို လေ့လာခြင်း အားဖြင့် မည်သို့သန့်ရှင်းရမည်ကို ကျွန်ုပ်တို့သည် သင်ယူလေ့ လာရမည်(၁ကော ၁၁:၁)။ တန်ခိုးဂန္ဓဝတ်ပြုခြင်းနှင့် ဗုဒ္ဓဟူးနေ့ကျမ်းစာလေ့လာခြင်းတို့ သည် ဤအချက်၌ များစွာသော အခွင့်အလမ်းများကို ဖော်ပြပေးလိမ့်မည်။

ခရစ်တော်သည် အသင်းတော်ကို ကျေးမွေးပြုစုစောင့်ရှောက်ရန် သူ၏နှုတ်ကပတ် တော်နှင့် ဝိညာဉ်တော်ကို အသုံးပြုသည်(ဧဖက် ၅:၂၉)။ ဤကတိတော်သည် ကျွန်ုပ်တို့အား သူ၏ကိုယ်ပိုင်ကဲ့သို့ ကျွန်ုပ်တို့ကို ဂရုစိုက်တော်မူကြောင်း အာမခံချက်ပေးသည်။

အသင်းတော်သည် “ခရစ်တော်၏ကိုယ် ခန္ဓာအစိတ်အပိုင်းများ” ဖြစ်သည်ဟု ဆို ထားသည့်အတိုင်း ခရစ်တော်ထံ နီးကပ်၍ ချစ်ခင်ရမည် (ဧဖက် ၅:၃၀)။ ဒေသန္တရအသင်း တော် အားပိုင်ဆိုင်ခြင်းက သင်သည် ခရစ်တော်အား ထာဝရပိုင်ဆိုင်ကြောင်းနှင့် သူသည် သင့်ကို အစဉ်အမြဲ ပိုင်ဆိုင်ကြောင်း ဖော်ပြသည်(ဧဖက် ၅:၃၁-၃၂)။ ဒေသန္တရအသင်း တော်သို့ ကြိုကြားကြိုကြားတက်ရောက်ခြင်းသည် ကျွန်ုပ်တို့ခေတ်တွင် ရေပန်းစားသော လမ်းကြောင်း ဖြစ်သည်။ ဤအရာက သင်၏ အိမ်ထောင်ဖက်ကို လှည့်ပတ်ပြေးခြင်းနှင့် တူပါသည်။

ဆက်ကပ်အပ်နှံ၍ အစေခံခြင်းသည် ခရစ်တော်အတွက် အသက်ရှင်ခြင်းနှင့် ခရစ် တော်အား ပိုင်ဆိုင်ခြင်း၏သမ္မာတရားနဲ့ညီသော အယူအဆဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်း အတွက် အတူတကွစုဝေးခြင်း စွန့်၍ လှည့်ပတ်ပြေးကြသူများနှင့်ပတ်သက်၍ ခရစ်တော် မည်သို့ခံစားရမည်နည်း? (ဟေဗြဲ ၁၀:၂၅)။ ကျွန်ုပ်တို့သည် ခရစ်

တော်၏သတို့သမီးကဲ့သို့ ခ ရစ်တော်နဲ့ သက်ဆိုင်ကြသည်။ ထို့ကြောင့်၊ သစ္စာရှိခြင်းသည် မရှိမဖြစ်လိုအပ်သည်။

ဘုရားသခင်၏တည်ကြည်သော ချစ်ခြင်းမေတ္တာကို ဟောရှေက ပုံဖော်ထားသည်။ ဟောရှေ၏မယားသည် သစ္စာမရှိပေ။ သို့သော်၊ ဟောရှေသည် သစ္စာရှိခဲ့ပြီး၊ နောက်ဆုံးတွင် သူတို့သည် ပြန်လည်ပေါင်းဖက်ကြသည်(ဟောရှေ ၂:၇)။ ဘုရားသခင်သည် သစ္စာမဲ့ခြင်း၏ နာကျင်ခြင်းကိုသိပြီး၊ အပြစ်ကို ရှုတ်ခချ၍၊ သို့သော် သူပိုင်ဆိုင်သောသူတို့အား စွန့်ပစ်တော်မမူပေ။

**ဘုရားသခင်၌ သစ္စာရှိခြင်းသည် မည်မျှပင် အရေးကြီးပါသနည်း?**

---

**သင်၏အသင်းတော်၌ သင်သည် ပို၍ မည်ကဲ့သို့ သစ္စာရှိနိုင်မည်နည်း?**

---

ဟောရှေကဲ့သို့ (ဟောရှေ ၃:၂)၊ ခရစ်တော်သည် သူ၏သတို့သမီးအတွက် ပေးဆပ်ခဲ့သည်။ ခ ရစ်တော်သည် သင်၏စိတ်နှလုံးသားနှင့် အသက်တာတို့အတွက် ထက်ဝက်သာ ပေးဆပ်ခဲ့သလား? သင်သည် ခရစ်တော်ထံသို့ လက်မြှောက်အရှုံးမပေးသည့် အစိတ်အပိုင်းများ သင်၏ အသက်တာ၌ ရှိနေပါသလား?

**ဂလာ ၂:၂၀ ကို ဖတ်ပါ။**

ဖခင်၏ဆုံးမသွန်သင်ခြင်းကို ခံရသော ပဉ္စမတန်းကျောင်းသူသည် “ဘုရားရှိခိုး ကျောင်းကို လွန်စွာ ထက်ထက်သန်သန် ဝတ်ပြုကြပြီး၊ ဘုရားကျောင်းကို ထွက်သွားကြတဲ့ ခရစ်ယာန်

တွေအပေါ် ခရစ်တော် ဘယ်လို ခံစား ရသလဲ?”ဟူ၍ မေးခြင်းခံရပါသည်။ ပဥ္စမ တန်းကျောင်းသူလေးက “ကောင်းပြီ၊ ဘယ်သူမှ ဖောက်ပြန်တာကို မကြိုက် ဘူး”ဟု ပြန်ဖြေ ခဲ့သည်။ အဲဒါက မမေ့ နိုင်တဲ့ အဖြေဖြစ်သည်။

ခရစ်တော်သည် သင့်အတွက် ပေးဆပ်လျှင်၊ သင်သည် သူ၏ဥစ္စာဖြစ် သည်။ သူရွေး ဝယ်ပေးထားသောအရာ ကို သူအား ပြန်ပေးပါသလား? ကျွန်ုပ် တို့၏အသက်သည် ကျွန်ုပ်တို့ ၏ကိုယ်ပိုင် မဟုတ်ပါ(၁ကော ၆:၂၀)။

ခရစ်တော်၏သတို့သမီးသည် အသင်းတော်ဖြစ်သည်။ အသင်းတော်သ ည် အသင်း သားအဖွဲ့ဝင်များစွာဖြင့် ဖွဲ့စည်းထားသည်။ အသင်းသားတို့သ ည် ၎င်းနေရာ၌ ပါဝင်ခြင်း မရှိ လျှင်၊ ၎င်း တို့သည် ဘုရားသခင်အပေါ် နှိမ့်ကျ သောအမြင်ကို ပုံဖော်ကြတတ်ကြပြီး၊ အသင်း တော်သည် အားနည်းသွားသ ည်။

ခရစ်တော်သည် အသင်းတော်အတွ က် မိမိကိုယ်ကို ပေးဆပ်ခဲ့ပြီး၊ ထို့နည်းတူ ပင် ယုံကြည်သူများသည်လည်း မိမိ ကိုယ်ကို ဆက်ကပ်၍ ခရစ်တော်ထံသို့ လုံးလုံးလျားလျား ပေးဆပ်ရမည် ဖြစ်ရ ပါမည်။ ခရစ်တော်ထံသို့ ဆက်ကပ် အပ်နှံသောတပည့်တော်များသည် မိမိ တို့၏အစိတ်အပိုင်းဖြစ်သော ခရစ် တော်၏ကိုယ်ခန္ဓာမှ ဖြတ်တောက်ခြင်း မပြုကြပေ( ၈ ဖက် ၄:၁၁-၁၆)။

သမ္မာတရားအခြေခံသောအသင်း တော်သည် စစ်မှန်သောအယူဝါဒ သွန်သင်ခြင်း၊ ခ ရစ်တော်အား ကိုးကွယ် ခြင်း၊ မိတ်သဟာရဖွဲ့ခြင်း။ ပွဲတော်များ အား စောင့်ထိန်းခြင်း၊ သာသ နာပြုခြင်း များ လုပ်ဆောင်ခြင်း၊ စေတနာဖြင့် ပေးကမ်းခြင်း၊ တာဝန်ခံခြင်း၊ အစေခံခြင်း နှင့် အတူတကွ ဆုတောင်းခြင်း စသည်

တို့ကို သွန်သင်ပေးသည်။

ပေးကမ်းခြင်း၏ဆန့်ကျင်ဘက်မှာ စားသုံးခြင်း ဖြစ်သည်။ စားသုံးခြင်း အယူဝါဒ သည် ဇာတိသဘောဆောင်သော ခရစ်ယာန်များ၏စိတ်နေစိတ်ထား ဖြစ်သည်။ ၎င်းတို့၏ဇာ တိသဘောသည် ၎င်းတို့၏စိတ်ဆန္ဒအား တွန်းပို့သည်။ ထိုသူတို့သည် မိမိတို့လိုချင်သော အ ရာများအားဖြင့် စာသုံးခြင်း ခံရကြပြီး၊ ဘုရားသခင်၏အိမ်တော်အား သားငါးစျေးကဲ့သို့ ပြုမူ ဆက်ဆံကြသည်။ ၎င်းတို့၌ ဘ သာသနာပြုခြင်းစိတ်နေစိတ်ထားအစား ရောင်းဝယ်ရေးစိတ် ကို သာ ရှိကြသည်။

ခရစ်ယာန်တစ်ဦးသည် စားသုံးသူတစ်ဦး၏စိတ်နေစိတ်ထား မရှိသင့်ပေ။ သို့သော်၊ ပေးကမ်းတတ်သောစိတ်ထား ကို ထားရှိသင့်သည်။ ခရစ်တော်က ခရစ်ယာန်များ၏အတွင်း ထဲ၌ ရှိသော အသက်ဖြစ်ပြီး၊ သူ၏ဝိညာဉ်တော်သည် အသက်ရှင်သောမြစ်ကဲ့သို့ ၎င်းတို့၏ စိတ်ဝိညာဉ်တွင် စီးဆင်းနေလိမ့်မည် ဖြစ်သည်(ယောဟန် ၇:၃၈)။ သူတို့သည် ခရစ်တော်ပြု ခဲ့သမျှသောအရာအ တွက် အလွန်ကျေးဇူးတင်ကြပြီး၊ အခြားသူများကို အစေခံရန်နှင့်ကောင်း ချီးပေးရန် နည်းလမ်းများကို ရှာဖွေကြသည်။

ယုံကြည်သူတို့သည် မိမိတို့၏အပြစ်နှံထဲ၌ သေအံ့ဆဲဖြစ်နေသော အချိန်တွင်၊ ၎င်း တို့အတွက် အခမဲ့ပေးဆောင်ခဲ့သော ကယ်တင်ခြင်းကျေးဇူးတော်ကို မယုံမှတ်ကြပေ။ သူ တို့သည် ခရစ်တော်ကို ထာဝရအကြွေးတင်သည်ဟု ခံစားကြပြီး၊ အသင်းတော်သည် ထိုသူတို့၏ ယုံကြည်ခြင်းကို ဖော်ပြ၍ ဖွံ့ဖြိုးတိုးတက်စေသည့်နေရာ ဖြစ်သည်။ သူတို့သည် အ စေခံခြင်း ခံရန် မမျှော်လင့်ကြပေ၊ သို့သော် အခြားသူများအား အစေခံခြင်း ပြုရန်သာ မျှော် လင့်ကြသည်။ သူတို့သည် ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်

ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေး ဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်ခြင်း စသည်တို့ကို ပိုင်ဆိုင်ကြသည် (ဂလာ ၅:၂၂-၂၃)။ ၎င်းတို့ ၌ ထာဝရနဲ့ ဆိုင်သော မျှော်လင့်ခြင်း ရှိကြပြီး၊ ယာယီအရာများအပေါ် လျစ်လျူရှုနိုင်ကြသည်။ သူတို့သည် သူတပါးအား မစော် ကားကြသကဲ့သို့၊ မိမိကိုယ်ကို လည်း ခုခံကာကွယ်တတ်ကြသည်။ သူတို့သည် ခရစ်တော် အား ပထမနေရာ အခြားသောအရာအား ဒုတိယနေရာတွင် ထားရှိကြပြီး၊ မိမိကိုယ်ကိုမှ နောက်ဆုံး၌ ထားတတ်ကြသည်။ စစ်မှန်သော ယုံကြည်သူများတို့သည် အတူတက စုဝေး၍ ဝတ်ပြုကိုးကွယ်ကြသောအခါ၊ ညီညွတ်ခြင်းရှိကြသည်။ စစ်မှန်သော အသင်းတော် ၌ အတူ တက ပုံမှန် တွေ့ဆုံဖို့ရန် စိတ်ဆန္ဒရှိကြသည်။

အသင်းတော်မိသားစုသည် သွေး ချင်းမိသားစုဝင်ထက် ပို၍ နီးစပ်တတ်ကြသည်။ ကျွန်ုပ်တို့ မိတ်ဆွေဖြစ်ခြင်းသည် နှက်ရိုင်း၍ ထာဝရအချန်တိုင်အောင် တည်ရှိပါသည်။ ဤ အရာသည် ခရစ်တော်က အသင်းတော်အား ပိုင်ဆိုင်သောကြောင့်၊ ကျွန်ုပ်တို့သည် တစ်ဦး ကို တစ်ဦး ပိုင်ဆိုင်ကြပါသည်ဟူ၍ ဖြစ်သည်။ ဝိညာဉ်တော်အားဖြင့်နှင့် ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်နဲ့ တစ်ဦးချင်း တလုံးတဝတည်း ဖြစ်လာကြသကဲ့သို့၊ တစ်ဦးနဲ့ တစ်ဦး ခရစ်တော် ၌ ညီအစ်ကို မောင်နှမများကဲ့သို့ - ဝိညာဉ်တော်ဘုရားအား အတူတက ဝေ မျှခြင်း နှင့် ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်ဘုရားအား အတူတက ခေါ်ဆိုခြင်း တို့ ၌ ကျွန်ုပ်တို့သည် ပူးပေါင်းနိုင်ကြသည်။

**ယောဟန် ၁၇:၂၁-၂၃ ကို ဖတ်ပါ။ ကျွန်ုပ်တို့၏ တလုံးတဝတည်းဖြစ်ခြင်းသည် မည်ကဲ့သို့ ဖြစ်သင့်**

**သနည်း?**

**ကျွန်ုပ်တို့၏တလုံးတဝတည်းဖြစ်ခြင်းက လောကီသားများအား မည်သည့်အရာကို ပြသပါသနည်း?**

အတိတ်ကာလများ၌ စာတန်၏အကြိုက်နှစ်သက်ဆုံးများမှ တစ်ခုမှာ အသင်းတော် ထဲ၌ စည်းလုံးမှုပြိုကွဲစေအောင် မွေနှောက်ခြင်း ဖြစ်သည်။ အတင်းပြောခြင်း၊ မနာလိုခြင်း၊ ယုံကြည်သူတို့၏ကြင်ဖက်များအား ဖြားယောင်းခြင်း စသည်တို့အား လုပ်ဆောင်ခြင်းကို စာတန်သည် အလွန်နှစ်သက်ပါသည်။ သူသည် မရောင့်ရဲတင်းတိမ်ခြင်း မျိုးစေ့များကို စိုက်ပျိုးတတ်သည်။ ညီအစ်ကိုမောင်နှမကြားတွင် ကွဲပြားခြင်းများ ဖြစ်စေပြီး၊ ထို့ပြင် ဘုရားသခင်သည် ထိုအရာကို မုန်းတီးပါသည်(သုတ္တံ ၆:၁၉)။ ဒုစရိုက်များထဲတွင် ရှိနေသော်သူတို့၏ သည် ဖွဲ့စည်းထားသောအသင်းတော်အား ရေကန်ထဲကျောက်ခဲ ပစ်ချသကဲ့သို့ နှောင်ယှက်တုန်လှုပ်စေတတ်သည်။ ဤရိုက်ခတ်မှုများ၏သက်ရောက်မှုများသည် သင်းအုပ်ဆရာအား ညပေါင်းများစွာ လန့်လန့်နိုးအောင်ပြုလုပ်နိုင်၍၊ တရားဟောပြောခြင်းတွင် များစွာသက်ရောက်မှု ဖြစ်စေနိုင်သည်။ အတင်းအဖျင်းပြောခြင်းနှင့် သဘောထားကွဲလွဲခြင်းတို့သည် သစ်တောမီးလောင်သကဲ့သို့ နှင့် ကင်ဆာရောဂါကဲ့သို့ လျှင်မြန်စွာ ပျံ့နှံ့တတ်သည် (ယေ ၃:၆၊ ၂ တိမော ၂:၁၇)။ အတင်းအဖျင်းပြောခြင်းသည် လောင်းကျွမ်းလာသောအခါ၊ သင်းအုပ်ဆရာများနှင့် အသင်းတော်လူကြီးတို့က မီးသတ်သမားများ ဖြစ်လာရမည်။

**ယာကုပ် ၃:၅-၆ ကို ဖတ်ပါ။**

**လျာကို ညစ်ညမ်းစေခြင်း၏အရင်းအမြစ်မှာ မည်သည့်အရာဖြစ်သနည်း?**

**သုတ္တံ ၆:၁၆-၁၉ ကို ဖတ်ပါ။**

**ဘုရားသခင် စက်ဆုပ်ရွံ့လျာတော်မူသော အချက် ခုနှစ်ချက်မှာ မည်သည့်အရာ ဖြစ်သနည်း?**

ပြစ်တင်ဝေဖန်သူများသည် အပြစ်ကင်းသယောင် ရှိကြသည်။ ကျသရေလလူမျိုး များ၏အပြစ်ရှာဖွေသူများ၊ ခြိမ်းခြောက်သူများနှင့် မောရှေအား သေလုဆဲဆို ဖြစ်စေသော သူတို့ကို ဘုရားသခင်သည် ပြင်းထန်စွာ ကိုင်တွယ်ဖြေရှင်းခဲ့သည်။

**တောလည် ၁၆:၄၁-၅၀ ကို ဖတ်ပါ။**

**တောလည် ၂၁:၅-၈ ကို ဖတ်ပါ။**

**ဖိလပ္ပိ ၂:၁၄ ကို ရေးချပါ။**

မည်သည့်အရာကို မလုပ်ဆောင်ရမည်ဟူသောအရာ၌ ကျသရေလလူမျိုးတို့သည် ပုံ ဥပမာတစ်ခု ဖြစ်ကြသည် (၁ကော ၁၀:၁-၁၁)။ ဘုရားသခင်၏လူတို့သည် အချင်းချင်းတစ်ဦး နဲ့တစ်ဦး အကြောင်း သို့မဟုတ် မိမိတို့ခေါင်းဆောင်အကြောင်းအား အနှတ်လက္ခဏာဆောင် ၍ မပြောဖို့ရန် ဖြစ်သည်။ လူတစ်ဦး၏ အကျင့်စာရိတ္တကို ခရစ်တော်နဲ့တူသောအသက်တာ နဲ့ ထိန်းချုပ်ခြင်းသည် အသင်းတော်တစ်ခု၏စည်းလုံးခြင်း၌ မရှိမဖြစ်လိုအပ်သော အရာဖြစ် သည်။ “ကျွန်ုပ်တို့သည် စည်းလုံးခြင်း၌ ပြည့်စုံကြမည့် အကြောင်း” ခရစ်တော်သည် ဆု တောင်း

ခဲ့သည် (ယောဟန် ၁၇:၂၃)။

သင်းအုပ်ဆရာများသည် အတင်းအဖျင်းပြောခြင်းတို့ကို ရပ်တန့်ရမည်၊ အဘယ် ကြောင့်ဆိုသော် ဘုရားသခင်သည် ထိုတာဝန်ကို သူတို့အား ပေးအပ်ထားသည် (ဝတ်ပြု ၁၈:၉)။ "အုပ်သောသူတို့၏စကားကို နားထောင်၍ နှိမ့်ချ လျက်နေကြလော့၊ သူတို့သည် ကိုယ် တိုင် စစ်ကြောခြင်းကို ခံရသောသူကဲ့သို့၊ သင်တို့ စိတ်ဝညာဉ်၏ အကျိုးအလို့ငှာ စောင့်နေ ကြကုန်၏။ သင်တို့ အကျိုးကို မဖြစ်စေတတ်သောဝမ်းနည်းခြင်းမရှိ၊ ဝမ်းမြောက်ခြင်းရှိ၍၊ သူတို့သည် စစ်ကြောခြင်းကို ခံရမည်အကြောင်း သတိပြုလျက်နေကြလော့" ဟူ၍ အသင်း သူအသင်းသားများကို မိန့်တော်မူထားသည် (ဟေဗြဲ ၁၃:၁၇)။

ခရစ်တော်ကို ပိုင်ဆိုင်ခြင်း၏ဆိုလိုရင်းမှာ အသင်းသားများသည် အချင်းချင်း တစ် ဦးနဲ့တစ်ဦး ပိုင်ဆိုင်ကြသည်။ ဤသို့ဖြစ်သောကြောင့်၊ စည်းလုံးခြင်းသည် ကျွန်ုပ်တို့၌ အလွန်အရေးကြီးပါသည်။ ခရစ်တော်သည် တပါးသူများနှင့် ဘုရားသခင်အား ချစ်ခြင်းအားဖြင့် ဓမ္မဟောင်ကျမ်းတခုလုံးအား ပြည့်စုံစေသည် ( မဿဲ ၂၂:၃၇-၄၀)။ စစ်မှန်သောကယ်တင်ခြင်း၏သက်သေတစ်ခုမှာ အခြားသူများအတွက် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို မိမိ အထဲ၌ နေရာပေးခြင်းဖြစ်သည်။

**၁ယော ၄:၇-၈ ကို ဖတ်ပါ။**

ထို့ပြင်၊ ဘုရားသခင်သည် ကယ်တင်ခြင်းလက်ဆောင်ကို သင်အား ပေးထားပြီးဖြစ် ၍၊ ထိုလက်ဆောင်ကို အခြားသူများနှင့် ဘုရားသခင်အား အစေခံခြင်းတို့အတွက် အသုံးပြု ရန် ဖြစ်သည် (၁ကော ၁၂:၇,၁၁)။ လူတိုင်းသ

ည်် အနည်းဆုံး ဝိညာဉ်ဆုကျေးဇူးတစ်ခု စီ ပိုင်် ဆိုင်ထားကြသည််။

ဘုရားသခင်သည်် ထိုဆုကျေးဇူး အား နားလည်သဘောပေါက်ရန်် သင့် အား အလို့ရှိ ပြီး၊ အသင်းတော်သို့ အစေခံခြင်းဌာန ထိုဆုကျေးဇူးကို သင့်အား အသုံးပြုစေလိုပါသည််။ များ စွာသော ဝိညာဉ်ဆုကျေးဇူးများ ရှိပါသည််။ ထို အရာတို့သည်် တန်းဖိုးရှိကြသည််။ ၁ကော ၁၂ က ခရစ်တော််၏ကိုယ်ခန္ဓာကို ဝိညာဉ်ဆုကျေးဇူးရရှိသောသူများနဲ့ တည်ဆောက်ထားသကဲ့ သို့ ဖော်ပြထား သည််။

**၁ကော ၁၂:၁၂ ကို ဖတ်ပါ။**

အသင်းတော််၏အသင်းသူအသင်း များသည်် လူကိုယ်ခန္ဓာ၏အစိတ်အပိုင်း များကဲ့ သို့ ဖြစ်ကြသည််။ အဖွဲ့ဝင် တိုင်းသည်် ဒေသန္တရအသင်းတော် အတွင်း၌ အထူးနေရာနှင့် ရည်် ရွယ် ချက်တစ်ခုစီ ပိုင်ဆိုင်ကြသည််။ အဘယ် ကြောင့်ဆိုသော်် “ယခုမူကား၊ ဘုရားသခင်သည်် အလိုတော်ရှိ သည် အတိုင်း အင််ကများအသီးသီးတို့ကို ကိုယ််၌စီရင် ခန့်ထားတော်မူ၏”( ၁ ကော ၁၂:၁၈)။ လူတစ်ဦးချင်း၏ဆုကျေးဇူးသည်် အရေးပါသည််။ လူတစ်ဦးချင်းစီသည်် တစ်် စုံတဦးတိုင်းအတွက်် အရေး ပါသည််။

ဘုရားသခင်မှ ကျွန်ုပ်တို့၏ ဆု ကျေးဇူးသည်် “ခရစ်တော််၏ ကိုယ်တော်ကို တည်် ဆောက်ခြင်းငှာ” ဖြစ်သည််( ဧဖက်် ၄:၁၂)။ “ငါတို့၌ သမ္ဘသည်် ယုံကြည်ခြင်းသို့ ဥဒီး၊ ဘုရား သခင််၏သားတော်ကို သိကျွမ်း ခြင်းသို့ ဥဒီး၊ တညီတညွတ်တည်းရော က်၍ ခရစ်တော််၏ပြည့် စုံခြင်း ပမာဏအရပ်တည်းဟူသော ကြီးရင့် သောလူတို့၏ အဖြစ်သို့ ရောက်ကြ သည်တိုင် အောင််” ကျွန်ုပ်တို့သည််

တစ်ဦးနဲ့တစ်ဦးတည်ဆောက်ပေးရန် ဖြစ်
ကြသည်(ဧဖက် ၄:၁၃)။

ဒေသန္တရအသင်းတော်သည်
ခရစ်တော်အားမိမိကယ်တင်ရှင်အဖြစ်
ပိုင်ဆိုင်ထားကြသောသူတို့ကို တပည့်
တော်ဖြစ်စေခြင်း၌ ဘုရားသခင်ဘိတ်သီ
တ်ပေးထားသောလမ်းစဉ်ကို ကျင့်သော
နေရာ ဖြစ်သည်။ ခရစ်ယာန်များသည်
ဝိညာဉ်ရေး၌ ကြီးထွားရန် ဖြစ်ပြီး၊ ယုံကြ
ည်ခြင်း၌ ခိုင်မာကြရန် ဖြစ်သည်။
ယုံကြည်သူများသည် အသင်းတော်၌
မှားယွင်းသောအယူဝါဒများ ဝင်
ရောက်လာခြင်းနှင့် အသင်းသားများသ
ည် ၎င်းအယူဝါဒ၏သားကောင်များ မဖြ
စ် လာရန် ကြည့်ရှုစောင့်ရှောက်ခြင်း
တာဝန် ကိုယ်စီရှိကြသည်(၁တိမော
၄:၃)။

မည်သည့်အရာသည် မျှော်လင့်
ချက်များ ဖြစ်သနည်း? ခရစ်တော်အား
မိမိကယ် တင်ပိုင်ရှင် အနေဖြင့် သူ
ထံ၌ လုံးလုံးလျားလျားဆက်ကပ်အပ်နှ
ခြင်းထက် ပိုကောင်းသော အရာ မရှိပါ။
တမန် ၂:၃၆ တွင် "ယေရှုကို
ဘုရားသခင်သည် ခရစ်တော်၌ဌင်း၊
အစိုးရသော အရှင် အရာ၌ဌင်း ခန့်ထား
တော်မူသည်..."ဟူ၍ ဖော်ပြထားသ
ည်။ အစိုးရသောအရှင်ဆိုလို ရင်းမှာ
"သခင်" ဖြစ်ပြီး၊ ခရစ်
တော်၏ဆိုလိုရင်းမှာ "ကယ်တင်ရှင်"
ဖြစ်သည်။

ခရစ်တော်သည် သင်၏ကယ်တင်
ရှင် ဖြစ်လျှင်၊ သူသည်
သင်၏သခင် နှင့် သင့်ဘ ဝ၏အရှ
င် ဖြစ်သည်။ ဤဆိုလိုရင်းမှာ
သင်၏အသက်တာသည် ခရစ်တော်နှ
င့် အသင်းတော် ၌ ဗဟိုပြုရန်ပင် ဖြစ်
သည်။ ဒေသန္တရအသင်းတော်သည်
သခင်၏အစီအစဉ်ဖြစ်သည်။ အရံ အ
စီအစဉ် နောက်ထပ်မရှိပါ။ အသင်း
တော်၌ သင်သည် မည်သို့ပါဝင်သည်

နှင့် မည်သို့လုပ် ဆောင်သည်ဆိုသော အရာက သခင်ယေရှုအား သင် မည်သို့ ပြုမူဆက်ဆံသည်ဆိုသောအရာ ဖြစ်သည်။ ခရစ်တော်ချစ်သောအရာကို ကျွန်ုပ်တို့သည် ချစ်ဖို့ရန် ဖြစ်သည်။

အားကစား၊ ဝါသနာ၊ စျေးဝယ်ထွက်ခြင်း၊ ပျင်းရိခြင်း၊ ရုပ်မြင်သံကြားကြည့်ခြင်း၊ ခ ရီးထွက်ခြင်း၊ အိမ်တွင်နေထိုင်ခြင်း သို့မဟုတ် အခြားအဆင်မပြေမှုများသည် ကျွန်ုပ်တို့၏ ပုံမှန်ဘုရားကျောင်းတက်ရောက်ခြင်းကို အဟန့်အတားမဖြစ်သင့်ပါ။ မည်သည့်အရာမဆို ဘုရားသခင်ရှေ့၌ ထားခြင်းသည် ရုပ်တုကိုးကွယ်ခြင်း ဖြစ်သည်။

အသင်းတော်တစ်ခုအား ပိုင်ဆိုင်ခြင်းနှင့် အသင်းသားဖြစ်ခြင်းဆိုသည်မှာ သမ္မာတ ရားနဲ့ညီသောအစေခံခြင်းများနှင့် သာသနာပြုခြင်းများ၌ စိတ်နှလုံးအကြွင်းမဲ့ ပါဝင်ခြင်း ဖြစ် သည်။ အသင်းတော်အားဖြင့် ခရစ်တော်အဖို့ အစေခံခြင်း၌ မိမိကိုယ်ကို ဆက်ကပ်အပ်နှံရ မည့် ဖြစ်သည်။ ဘုရားသခင်၏အမှုတော်မြတ်၌ လုံးလုံးလျားလျားကိုယ်ကို အပ်နှံခြင်းကို ဓမ္မ သစ်ကျမ်းထဲ၌ ကျွန်တစ်ယောက်ကဲ့သို့ (ရောမ ၁:၁)၊ အလုပ်သမား( ၂တိ ၂:၆)၊ လုပ်ဖော် ကိုင်ဖက် (ဖိလ ၁:၁၇)၊ စစ်သည်တော်တစ်ဦး(၂ တိ ၂:၃)၊ လယ်ထွန်သူတစ်ယောက် (၁ကော ၉:၁၁)၊ နှင့် အပြေးပြိုင်သူတစ်ဦး စသည့် ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် ပုံဖော်ထားပါသည်။ ဤ အရာများက အလုပ်ကြိုးပမ်းခြင်း၊ ဆက်ကပ်ခြင်း၊ မိမိကိုယ်ကိုအပ်နှံခြင်းနှင့် ယုံကြည်သူတို့၏သစ္စာစောင့်သိခြင်းအကြောင်းကို ဖော်ပြထားသည်။

ရှင်ပေါလုသည် တိတုအား အသင်းတော်များ၏မစုံလင်သမျှတို့ကို ပြင်ဆင်၍၊ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားခြင်းတို့ကို သွန်သင်ပေးခဲ့သည်( တိ

တု ၁:၅)။ အသင်းတော် ၏နှုတ်ကပတ်
တော်နှင့်ဆိုင်သော တာဝန်ဝတ္တရားများမှာ
ခေါင်းဆောင်မှုပြုခြင်း၊ ဝတ်ပြုကိုးကွယ်
ခြင်းများတို့တွင် အစဉ်တကျပြုဆင်ရ
န် နှင့် အသင်းသားများသည်
ကောင်းမွန်စွာ အစဉ်တ ကျ ပြုဆင်ပေး
ခြင်း ဖြစ်သည်။

အသင်းတော်သည်
မိမိ၏လမ်းကြောင်းပေါ်၌ မပြင်ဆင်မှု
များ ရှိလျှင်၊ ခရစ်တော် ကို မည်မျှ မ
ရှိသေရာရောက်မည်နည်း? “ထိုသခင်
ယေရှုခရစ်သည် ခပ်သိမ်းသော ဒုစရိုက်
မှ ငါတို့ကို ရွေးနှုတ်ခြင်းငှာ၊
ကောင်းသော အကျင့်ဘက်၌
စိတ်အားကြီး၍၊ ပိုင်ထိုက်တော်မူ သော
အမျိုးကို မိမိအဘို့ စင်ကြယ်စေခြင်း
ငှာငင်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူ
ပြီ။” ဟူ၍ ကျမ်းစာဖော်ပြထားသည့်
အတိုင်း သခင်ယေရှုကို ကျွန်ုပ်တို့ မမေ့ဖို့
ရန် လိုသည်(တိတု ၂:၁၄ ) ။

အသင်းသားဖြစ်ဖို့ရန် မြင့်မား
သောခေါ်ခြင်းသည် ခရစ်တော်နှင့်
သူ၏အသင်းတော် ကို မြင့်မားစွာရှုမြင်
ခြင်းအပေါ်တွင် မူတည်ပါသည်။
သခင်ယေရှုအား သင်သည် ယုံကြည်၍
၊ ရေနှစ်ခြင်းခံယူပြီးနောက်တွင်၊ သင်သ
ည် အသင်းတော်၏သင်းဝင်တစ်
ယောက်အဖြစ် လျာ ထားခြင်း ခံရသူ
ဖြစ်လာသည်။ ကယ်တင်ခြင်းရရှိပြီး
နောက်တွင်၊ ခရစ်တော်အား သင်သည်
အလိုအလျောက် ပိုင်ဆိုင်ပြီးဖြစ်သည်။
ခရစ်တော်၏အသင်းတော်ကို ပိုင်ဆိုင်
ခြင်းသည် နောက်ခြေလှမ်းတစ်ခု ဖြစ်သ
ည်။

ဒေသန္တရအသင်းတော်၏တာဝန်
လမ်းကြောင်းများမှ တစ်ခုမှာ
အသင်းဝင်များသည် မိမိတို့
အခြေအနေကို ထာဝရဘုရား၌ သိရှိစေ
ခြင်း ဖြစ်သည်။ အသင်းသားများသည်
အပြန် အလှန်အနေဖြင့် တာဝန်ရှိကြ

ပြီး၊ ထို့ပြင် ဒေသန္တရအသင်းတော်၏အခွင့်အာဏာအောက်တွင် ရှိကြရပါမည်။

သင်းအုပ်ဆရာများသည် အသင်းဝင်/အသင်းသားများအတွက် ဆုတောင်းပေးခြင်း၊ အကာအကွယ်ပေးခြင်း၊ ကျေးမွေးခြင်း၊ ချစ်ခြင်းနှင့် ဘုရားသခင်၏သိုးတို့ကို ကြည့်ရှုခြင်း စ သည်တို့ဖြင့် အသင်းသားများကို သိရှိဖို့ လိုအပ်သည်။

**အသင်းဝင်တစ်ယောက်အဖြစ် အသင်းတော်တစ်ခုကို သင်ပိုင်ဆိုင်ပါသလား?.....**

မပိုင်ဆိုင်သေးလျှင်၊ သမ္မာကျမ်းစာကို ယုံကြည်သောအသင်းတော်၏သင်းအုပ်ကို ကြည့်ရှု၍၊ ပူးပေါင်းပါဝင်ပါ။ သင်၏နေအိမ်ကို အသင်းတော်ဟူ၍ ခေါ်ဆိုနိုင်အောင် ထပ်တူကျသော အချို့သောသမ္မာကျမ်းစာ သတ်မှတ်ချက်များ ရှိပါသည်။ အသင်းတော်တစ်ခုစီတိုင်းတွင် ယုံ ကြည်ခြင်းနှင့် ကျင့်သုံးခြင်းလမ်းစဉ်များ ကွဲပြားမှုများ ရှိကြသည်။ ဘုရားသခင်နှင့် သူ၏ နှုတ်ကပတ်တော်ကို မြင့်မားစွာ ထားရှိသောအသင်းတော်ကို ရှာဖွေပါ။ ဤဖော်ပြထား သောဝက်ဆိုဒ်ထဲ၌ ပိုတိကျပြီး ကျယ်ပြန့်သော အသေးစိတ်အချက်အလက်များ ရှိပါသည်( https://www.gty.org/library/blogseries/BS121 )။

သမ္မာတရားနဲ့ရှင်သန်သော/ညီသော အသင်းတော်သည် မည်ကဲ့သို့ ဖြစ်သည်ကို ကျွန်ုပ်တို့သည် မည်သို့ သိနိုင်မည်နည်း? ဘုရားသခင်ကို မြင့်မားစွာထားရှိကြသောနေရာကို ကျွန်ုပ်တို့ မည်ကဲ့သို့ သိနိုင်မည်နည်း? ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သစ္စာရှိစွာဖြင့် ဟောပြောကြသည်ကို ကျွန်ုပ်တို့ မည်သို့ သိနိုင်မည်နည်း?


ဤသို့သောအချက်များကို နှုတ်ကပတ်တော်အား ဂရုတစိုက်လေ့လာခြင်းဖြင့်နှင့် ဂ ရုတစိုက်ဆုတောင်းခြင်းဖြင့် ကျွန်ုပ်တို့ သိနိုင်သည်။ ထို့ပြင်၊ ကျွန်ုပ်တို့၏နောက်ခြေလှမ်း၌ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာ မည်ကဲ့သို့ ခွဲခြားစိတ်ဖြားနိုင်မည်ကို သိလာ လိမ့်မည်။

**အဓိကဆုတောင်းချက် - ပိုင်ဆိုင်ခြင်း**

"သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်ကို တညီတညွတ်တည်း နှုတ်မြက်၍ ချီးမွမ်းစေခြင်းငှာ၊ ယေရှုခရစ်၏ အလိုတော်အတိုင်း အချင်းချင်းစိတ်တညီတ ညွတ်တည်းရှိကြ မည်အကြောင်း၊ သည်းခံခြင်း၊ သက်သာခြင်း၏အရှင်၊ ဘုရားသခင်သည် ကယ်မ သနားတော်မူပါစေသော။" **(ရောမ ၁၅:၅-၆)**

## မှတ်သားချက်များ

## မှတ်သားချက်များ




**စတုတ္ထခြေလှမ်း - သမ္မာကျမ်းစာ**

သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်။ ဘုရားသခင် သည် အစဉ်အမြဲ တည်ရှိ၍၊ သူ၏နှုတ်ကပတ်တော်သည်လည်း အစဉ်အမြဲ တည်ရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အတိတ်ကာလမှ ထာဝရတိုင်အောင် တည်ရှိနေပါ သည်။ သင် တွေးတောနိုင်သည်ထက်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖျန်ကြက် ထားသည်။ ဆာလံ ၁၁၉:၈၉ တွင် "အို ထာဝရဘုရား၊ နှုတ်ကပတ်တော်သည် ကောင်းကင်ဘုံ ၌ အစဉ်အမြဲတည်ပါ၏" ဟူ၍ ဖော်ပြထားသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် အနာဂတ်၌လည်း တည်ရှိပါသည်။ သင် စဉ်း စားတွေးတောနိုင်သည် ထက်ပို၍ ဘုရားသခင်၏ နှုတ်ပတ်တော်သည် ပြည့်စုံစွာ တည်ရှိ ပါသည်။ “မြက်ပင်သည် ညှိုးနွမ်းသွေခြောက် တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရ ဘုရား၏ နှုတ်ကပတ်တော် တ ရားမူကား၊ ကာလစဉ်အမြဲတည်၏ဟု ဆိုသတည်း။”(ဟေရှာ ၄၀:၈)။

ပေတရုက ဟေရှာယ၏ရေးသားထားသောကျမ်းပိုဒ်ကို နှစ်ပေါင်းရာနှင့်ချီ ကြာပြီးနောက်တွင် ပြန်လည်ကိုးကား၍ ၊ သူဟောပြောသော နှုတ်ကပတ်တော်သည် ဟေရှာယ၏ ရေးသားထားအတိုင်း ထပ်တူ ပြန်လည်ဟောပြောခဲ့သည်။ “ထာဝရဘုရား၏ နှုတ်ကပတ်တ ရားဟူမူကား၊ ကာလအစဉ်အမြဲတည်၏။ ထို နှုတ်ကပတ်တော်သည်၊ သင်တို့အား ဟောပြော သော ဧဝံဂေလိတရား ဖြစ်သတည်း။”(၁ပေ ၁:၂၅)။

The Merriam-Webster Dictionary အဘိဓာန်၏ဖော်ပြချက်အရ “ထာဝရ” ဟူ သောအချိန်သည် အချိန်အကန့်အသတ်မရှိ သို့မဟုတ် အချိန်တိုင်း ဟူ၍ အဓိပ္ပာယ်ဖွင့်ဆို ထားသည်။ “ထာဝရ” ဟူသော စကားလုံးသည် ဂရိဘာသာစကားဖြင့် *aion* ဟူ၍ ဖြစ်ပြီး၊ ဆိုလိုရင်းမှာ မပျက်စီးနိုင်သောဆက်လက်ဖြစ်တည်ခြင်းဟူ၍ ဖြစ်သည်။ ဤယူဆချက်သည် လူအတွေးနှင့် အင်္ဂလိပ်ဘာသာစကားကို ကျော်လွန်လုနီးပါးဖြစ်သည်။

ကမ္ဘာဦးကျမ်းမှ ဗျာဒိတ်ကျမ်းအထိ၊ နှုတ်ကပတ်တော်သည် ဘုရားသခင်၏သမ္မာ ကျမ်းစာ ဖြစ်ကြောင်းကို ဖော်ပြထားသည်။ ဤဖော်ပြခြင်းသည် ဓမ္မဟောင်းကျမ်းထဲ၌ပင် အကြိမ် ၂၅၀၀ ကျော် အသုံးပြုထားသည်။ ဓမ္မသစ်ကျမ်း၌၊ တမန်တော်များက ဘုရားသ

ခင်္ဂါနှုတ်ကပတ်တော်သည် မည်သ
ည့်အရာဖြစ်သည်ကို ဟောပြောသည့်
ကယ်တင်ခြင်းသ တင်းကောင်းအကြောင်း
ကို အသင်းတော်သည် လျှင်မြန်စွာ
လက်ခံလာခဲ့ကြသည်ကို ကျွန်ုပ် တို့ တွေ့
ရှိနိုင်သည်( ၁သက် ၂:၁၃)။

ခရစ်တော်သည် ဘုရားသခ
င်္ဂါနှုတ်ကပတ်တော်၏အဓိကဇာတ်ရု
ပ် ဖြစ်သည်။ ၂ ကော ၁:၂၀ က "ထို
သခင်မှာ ဘုရားသခင်၏ဂတိတော်ရှိ
သမျှတို့သည် ငါတို့အားဖြင့်၊ ဘုန်းအ
သရေတော်ကို ထင်ရှားစေခြင်းအလို့ငှာ၊
ဟုတ်မှန်၏ဟူ၍ ၎င်း၊ အာမင်ဟူ၍၎င်း
ဖြစ်သတည်း ။" ဟူ၍ ဖော်ပြထားသည်။

"ဟုတ်မှန်၏" ဆိုထားသည့်
အတိုင်း၊ ခရစ်တော်သည် သစ္စာရှိ၍ စစ်
မှန်သောသက် သေ ဖြစ်သည်။ သူသ
ည် ပြီးပြည့်စုံ၍ ဘုရားသခ
ငါ၏နှုတ်ကပတ်တော်ကို ပြည့်စုံ
စေသောသူ ဖြစ်သည် (ဟေဗြဲ ၁:၁-၃)။

ဤသို့ဖြစ်သောကြောင့်၊ ရှင်ပေါလု
သည် တိမောသေအား စာစောင်ရေးသား
ရခြင်း ဖြစ်သည်...

*"သင်သည် အဘယ်သူထံ၌ နည်းခံ
ခဲ့ပြီးသည်ကိုငင်း၊ ယေရှုခရစ်ကို ယုံကြည်
ခြင်း အားဖြင့် ကယ်တင်ခြင်းအလို့ငှာ
ပညာကို ပေးနိုင်သော ဓမ္မကျမ်းစာကို
ငယ်သောအရွယ်မှ စ၍ လေ့ကျက်သည်
ကိုငင်း သိမှတ်သည်နှင့်၊ အထက်က
သင်၌ နှလုံးသွင်းမိသောအယူဝါဒ၌
တည်နေလော့။" ဟူ၍ ဖြစ်သည်(၂တိ
၃:၁၄-၁၅)။*

ကျွန်ုပ်တို့သည် ဘုရားသခင်၏
နှုတ်ကပတ်တော်ကို ချစ်ခင်မြတ်နိုးသော
အခါ၊ ခ မည်းတော်ဘုရား၊ ယေရှု
ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်
တော်တို့သည် ဘုန်းတော်ထင် ရှားခြင်း
ရှိသည်။ သမ္မာကျမ်းစာသည် တွက်ချ

ကာ်၍မရနိုင်အောင် အဖိုးထိုက်သည်။

မိမိ၏စိတ်ဝိညာဉ်ဖို့၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကောင်းချီး၊ ပညတ်တ ရား၊ သက်သေဖြစ်ခြင်း၊ သန့်ရှင်းဖို့ရန် လမ်းပြခြင်း၊ စည်းစိမ်ဥစ္စာ၊ ကြွယ်ဝချမ်းသာခြင်း၊ ဘိတ်သိတ်ခြင်း၊ နှစ်သက်ဖွယ်၊ တောင့်တခြင်း၊ အတိုင်ပင်ခံ၊ ခွန်အား၊ ဆရာ၊ ဉာဏ်အလင်း၊ ပြန်လည်နှိုးထစေခြင်း၊ တည်ထောင်သူ၊ ထိပ်တိုက်ရင်ဆိုင်ပေးသူ၊ ဘုရားသခင်အားရှိသေ ခြင်း၊ ဖြောင့်မတ်ခြင်း၊ ကယ်တင်ခြင်း၊ လွတ်မြောက်ခြင်း၊ ချစ်ခြင်းမေတ္တာ၊ ဆင်ခြင်အောက် မေ့ခြင်း၊ မျော်လင့်ခြင်း၊ နှစ်သိမ့်ခြင်း၊ သီချင်း၊ အပိုင်းအစ၊ ဂတိတော်၊ ကျေးဇူးတော်တရား၊ အဖော်၊ ထိုးထွင်းသိမြင်ခြင်း၊ အသိပညာ၊ လုံခြုံခြင်း၊ ဉာဏ်ပညာ၊ နားလည်သဘောပေါက် ခြင်း၊ ဒုစရိုက မှ် ရှောင်လွဲခြင်း၊ ချို့မြိန်ခြင်း၊ စိတ်နှလုံးရှင်လန်းအံ့သြခြင်း၊ အလင်း၊ အမွေဥစ္စာ၊ လန်းဆန်းခြင်း၊ ရွေးတော်ထက် ပို၍ထိုက်တန်သော လက်ဆောင်၊ အံ့သြခြင်း၊ ဖြောင့်မတ်ခြင်း အတွက် လမ်းညွှန်၊ သစ္စာတရား၊ ကယ်တင်ရှင်၊ ရွေးနှုတ်သူ၊ သမ္မာတရား အားလုံး၏ပေါင်း ချုပ်၊ နောင်တရတရားကို ဖြစ်စေခြင်း၊ ရွေးနှုတ်ကယ်တင်သူ၊ ဖော်ပြခြင်းနှင့် ချီးမွမ်းခြင်း စ သည်တို့၏ အရင်းမြစ် ဖြစ်သည်။

“အကျွန်ုပ်သည် အသက်ရှင်၍၊ ကိုယ်တော်ကို ချီးမွမ်းပါစေသော..”(ဆာလံ ၁၁၉ :၁၇၅)။

- နှုတ်ကပတ်တော်သည် မမှားယွင်းနိုင်ပါ(သုတ္တံ ၃၀:၅)။
- နှုတ်ကပတ်တော်သည် လုံလောက်သည် ( ၂ပေ ၁:၃-၄)။
- နှုတ်ကပတ်တော်သည် မပျက်စီးနိုင်ပ(၂ တိမော ၃:၁၆-၁၇)။
- နှုတ်ကပတ်တော်သည် အသက်ရှိသည် (ဟေဗြဲ ၄:၁၂)။
- နှုတ်ကပတ်တော်သည် သန့်ရှင်းစေသည် (ဧဖက် ၅:၂၆)။
- နှုတ်ကပတ်တော်သည် စင်ကြယ်စေသည် (ယောဟန် ၁၇:၁၇)။
- နှုတ်ကပတ်တော်သည် ဖော်ပြပေးခြင်း ဖြစ်သည်(ဟေဗြဲ ၁:၁)။
- နှုတ်ကပတ်တော်သည် အခွင့်အာဏာရှိသည်( ယုဒ ၂၅)။
- နှုတ်ကပတ်တော်သည် တာရှည်ခံသည် (ဟေရှာ ၅၉:၂၁)။
- နှုတ်ကပတ်တော်သည် ထာဝရတည်သည် (ဆာလံ ၁၁၉:၈၉)။
- နှုတ်ကပတ်တော်သည် ထာဝရတည်ရှိသည် (ဟေရှာ ၄၀:၈)။
- နှုတ်ကပတ်တော်သည် စစ်မှန်သည် (တိတု ၂:၁)။

အသင်းတော်၌ သင်ကြားပေးသောသူ တို့ထံသို့ ဘုရားသခင်၏နှုတ်ကပတ် တော်သည် အံ့ဖွယ်သောတာဝန်ကို ယူဆောင်ပေးသည်။ သင်ကြားဆရာများ တို့သည် မိမိတို့ သင်ကြား သော နှုတ်ကပတ်တော်အတွက် ဘုရားသခင် ထံ၌ တာဝန်ရှိကြသည်ကို ယာကုပ်က သတိပေး ခဲ့သည်(ယာကုပ် ၃:၁)။

ဘုရားသခင်၏ နှုတ်ကပတ်တော်ရှင်း ပြခြင်းသည် ဘုရားသခင်အား မှားယွင်း စွာပို့ဖော် စေခြင်းကို ကြောက်ရွံ့၍ ပြင်ဆင်ကြရန် တောင်းဆိုထားသည်။ “သင်မှုကား၊ ဝန်ခံတော် မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ၊ သမ္မာ တရားကို မှန်ကန်စွာ ပိုင်းခြားတတ် သော ဆရာသမားဖြစ်လျက်၊ ဘုရားသခင် ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအား ထုတ်လော့”ဟု ရှင်ပေါလု က တိမောသေအား ဆုံးမခဲ့သည်(၂တိ မော ၂:၁၅)။

သင်ကြာဆရာများသည် သမ္မာ တရားကို မှန်ကန်စွာ ရှင်းပြနိုင်ရန် နှုတ်ကပတ်တော် ကို လေ့လာခြင်း၌ ကြီးမားသောလုံလဝီရိယဖြင့် ကြိုးစား အားထုတ်မှု ရှိရပါမည်။ သင်းအုပ် ဆရာများသည် မိမိတို့ဟောပြောမည့် ဒေသနာတစ်ခုစီအတွက် စက္ကန့်တိုင်း အနည်းဆုံး တစ် နာရီခန့်မျှ ဓမ္မကျောင်း တွင် သင်ယူကြရပါမည်။

သန့်ရှင်းသောနှုတ်ကပတ်တော်ကို လွဲမှားစွာ ဘာသာပြန်ဆိုသောသူတို့ကို ဘုရား သခင်၏နှုတ်ကပတ်တော်သည် အမည်နာမည် ဖော်ပြထားသည်။ ဟုမေ နဲ့နှင့် ဖိလက်တို့က သေလွန်သောသူတို့သ ည် ထမြောက်ကြပြီဟု ပြောလျက်၊ သမ္မာတရားလမ်းမှ လွဲသွား၍ အ ချို့ သောသူတို့၏ယုံကြည်ခြင်းနှင့် အသင်း တော်၏ယုံကြည်ခြင်းကို မှောက်လှန် တတ်ကြ၏ (၂တိမော ၂:၁၇-၁၈)။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောသောသူတို့သည် “စင်ကြယ်သော သြဝါဒအားဖြင့် တိုက်တွန်းသွေးဆောင်ခြင်းငှာငင်း၊ ငြင်းခုံသောသူတို့၏ စကားကို ချေခြင်း ငှာငင်း တတ်နိုင်မည်အကြောင်း၊ ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို အမြဲစွဲလမ်းသောသူ ဖြစ်ရမည်”(တိတု ၁:၉)။

နှုတ်ကပတ်တော်ကို မှားယွင်းစွာ စွဲကိုင်၍ ပုန်ကန်တတ်သောသူတို့၏နှုတ်ကို ပိတ် ရမည်။ သူတို့သည် မစင်ကြယ်သော စီးပွားကို တပ်မက်လျက်၊ မပေးအပ်သော သြဝါဒကို ပေး၍၊ တအိမ်ထောင်လုံးကို မှောက်လှန်တတ်ကြ၏” ဟူ၍ ဖော်ပြထားသည် (တိတု ၁:၁၁)။ အမှန်တကယ်ဖြင့်၊ “ဤသက်သေမှန်၏။ ထို့ကြောင့်၊ သူတို့သည် ယုဒဒဏ္ဍာ ရိစကားကိုငင်း၊ သမ္မာတရားကို စွန့်သောသူတို့၏ ပညတ်တို့ကိုငင်း၊ အမှု မထားဘဲ ယုံကြည်ခြင်းအမှု၌ စင်ကြယ်စေခြင်းငှာ၊ သူတို့ကို ကျပ်တည်းစွာ ဆုံးမပြစ်တင်လော့”ဟူ၍ အသင်းတော်သည် ပြုလုပ်ရမည် (တိတု ၁:၁၃-၁၄)။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပြင်ဖို့ရန် မဟုတ်ပါ။ “ ငါမှာထားသောစ ကား၌ သင်တို့သည် အသစ်မသွင်းရ။ အလျှင်းမနှုတ်မပယ်ရ။ ငါမှာထားသည် အတိုင်း၊ သင် တို့ ဘုရားသခင်ထာဝရဘုရား၏ ပညတ်တော်တို့ကို စောင့်ရှောက်ရကြမည်”ဟူ၍ ရေးသား ထားသည် (တရားဟော ၄:၂)။

ဘုရားသခင်၏နှုတ်ကပတ်တော် လေးစားမှုမရှိခြင်းသည် ယနေ့ခေတ်တွင် ဘုရား သခင်၏လူများ၌ အလွန်များပြားလှသည်။ ဤအရာက အကျိုးဆက်များစွာ ဖြစ်လာသည်။ ယောဟန်က သတိပေးထားသည်-

*“ဤစာစောင်၏အနာဂတ်စကားကို ကြားသောသူအပေါင်းတို့အား ငါ*

*သက်သေခံ သည်ကား၊ အကြင်သူသည်ကျ အရာတို့၌ ထပ်၍အသစ်သွင်း၏။ ကျိုးစောင့်၌ ရေးထား သော ဘေးဒဏ်တို့ကို ထိုသူအပေါ်သို့ ဘုရားသခင် သက်ရောက်စေတော်မူမည်။ အကြင်သူ သည် ကျိုးစောင့်၏အနာဂတ် စကားအချို့ကို နှုတ်ကပယ်၏။ ကျိုးစောင့်၌ရေးထားသော အသက်ပင်နှင့်ဂင်း၊ ထိုသူစပ်ဆိုင်သော အခွင့်ကို ဘုရားသခင်နှုတ်ကပယ်တော်မူမည်”* *(ဗျာဒိတ် ၂၂:၁၈-၁၉)။*

သမ္မာကျမ်းစာ၏ အဓိပ္ပာယ်ကို ပြောင်းလဲသူများအတွက် အနာဂတ် သက်ရောက် မှုများကို ကျွန်ုပ်တို့သည် ရိုးရှင်းစွာ နားမလည်နိုင်ပါ။ သို့သော်၊ ဘုရားသခင်သည် သူ၏နှုတ် ကပတ်တော်ကို မနာခံသောလူမျိုးများအား မည့်သို့အပြစ်ပေးသည်ကို ကျွန်ုပ်တို့သည် ရှင်း ရှင်းလင်းလင်း သိမြင်နိုင်ပါသည်။

**တရားဟော ၂၈:၅၈-၅၉ ကို ဖတ်ပါ။**

ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်ကို ကြားသိ၍ နားလည်နိုင်ရန် တိကျ သောသင်ကြားညွှန်ကြားချက်များကို ပေးခဲ့သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လည်း ဝေမျှ/ဟောပြောရမည်။

**တရားဟော ၃၁:၁၁-၁၃ ကို ဖတ်ပါ။**

**ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သူတို့က ကြားသိသင့်သနည်း?.....**

**ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သူတို့က သင်ယူသင့်သနည်း?.....**

ဘုရားသခင်၏လူတို့သည် နှုတ်ကပတ်တော်၌ ရှိကြ၍၊ ထို နှုတ်ကပတ်တော်အား လေးနက်စွာ ခံယူ

ကြလျှင်၊ ဘုရားသခင်အား
ကောင်းမွန်သောကြောက်ရွံ့ခြင်းနှင့်
ရှိသေခြင်း တို့ ရှိပါသည်။

အသက်ရှင်သူများမှ ပညာရှိဆုံး
သောလူသည် ကွသရေလလူ
တို့၏ဘုရားသခင်ထံ နာမခံခြင်းသမိုင်း
အကြောင်းကို သိရှိခဲ့သည်။ ရှောလမုန်က
“ထာဝရဘုရားကို ကြောက်ရွံ့သော
သဘောသည် ပညာ၏အချုပ်အခြာဖြ
စ်၏။ လူမိုက်တို့သည် ပညာနှင့်
ဥပဒေသကို မထီ မဲ့မြင် ပြုတတ်ကြ၏”
(သုတ္တံ ၁:၇)။ ကျွန်ုပ်တို့က ပညာရှိလို
လျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်
၏နှုတ်ကပတ်တော်ကို လေ့လာ၍
ကြားနာခြင်းတို့ ၌ စိတ်ပါဝင်းစားဖို့ရန်
လိုအပ်သည်။

ပထမအချက်၊ သင်သည် သစ္စာရှိ
သောနှုတ်ကပတ်တော်ဟောပြောခြင်း
အောက်၌ ရှိ နေကြောင်းကို သေချာစေ
ပါ။ တရားဟောဆရာနောက်သို့ လို
က်၍၊ သူသည် ဘုရားသခင်
၏နှုတ်ကပတ်တော် ဟောပြောနေသည်
ကို သေချာပါစေ။ မိမိကိုယ်ကို နားထောင်
ပါ၊ အ ခြားသူများအား နားမထောင်ပါ
နဲ့။ သမ္မာကျမ်းစာက မည်သို့ဖော်ပြသည်
ကို နားထောင်ပါ။ ကျမ်းစာသည် မည်
သို့ ပြောကြားပါသနည်း? ဤအရာက
ဒေသနာတော် ဖြစ်နိုင်သည်။ နှုတ် က
ပတ်တော် အလေးနက်ထားသောနေရာ
တိုင်းကို တရားဟောဆရာသည်လည်း
အလေး နက်ထားရမည် ဖြစ်သည်။
သမ္မာကျမ်းစာကို အခန်းငယ် တစ်ခုစီဖြ
င့် သင်ကြားခြင်းသည် အ ကောင်းဆုံး
ဖြစ်ပြီး၊ ယုတ္တိဆန်ပါသည်။ ဤသို့ကြော
င့်လည်း၊ ဘုရားသခင်က သမ္မာကျမ်းစာ
ကို ကျွန်ုပ်တို့အား ပေးထားသည်။ လူတို့
သည် သမ္မာကျမ်းစာကို အကြမ်းဖျင်းဖ
တ် မျဉ်းသား ၍၊ အဓိပ္ပာယ်ခံယူခြင်းကို
ထင်မြင်ကောက်ချက်ချခြင်းတို့ကို ဘာ
ကြောင့်ပြုလုပ်ကြသလဲ? ဤအရာက
လမ်းကြောင်းအပြင်ဘက်ကို ရောက်နေသ

ည်။ ဤအရာက ရုံဖန်ရုံခါနှင့် အမြဲတစေ မှားယွင်းသည်။ များစွာသော တရားဟောဆရာတို့သည် ယနေ့တွင် အပြောကောင်းကြ၍၊ သို့သော် သမ္မာတရားဒေသနာ၏ဆိုလိုရင်းကို လွဲချော်ကြသည်။

ဒုတိယအနေဖြင့်၊ ဗေရိမြို့သားများကဲ့သို့ ဖြစ်ပါ၊ ထို့ပြင် ဘုရားသခင်၏နှုတ်က ပတ်တော်ကို မိမိအဖို့ လေ့လာပါ။ သင်ကြားပေးသောအချက်များသည် နှုတ်ကပတ်တော်နဲ့ ကိုက်ညီမှု ရှိမရှိကို ကြည့်ရှုပါ။

**တမန် ၁၇:၁၁**

လူတိုင်းသည် နှုတ်ကပတ်တော်မည်ကဲ့သို့လေ့လာရမည်ကို သင်ယူသင့်ပါသည်။ များစွာသောသူတို့သည် ရွက်ဖတ်ကြပြီး၊ သို့သော် အနည်းငယ်မျှသာ လေ့လာကြသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာ ခွဲခြမ်းနိုင်ရန် ပညာရှင်တို့ မလိုပါ။ သမ္မာကျမ်း စာသည် သာမန်လူများမှ သာမန်လူတို့ထံ ရေးသားထားသောအရာ ဖြစ်သည်။ သို့သော်၊ သမ္မာကျမ်းစာထဲတွင် ပညာဗဟုသုတကြွယ်ဝခြင်းတို့ များစွာပါဝင်ပါသည်။

3D ဖြင့် လေ့လာသောစာရွက်အား သမ္မာကျမ်းစာအကြောင်းအရာကို ပို၍နှက်နဲ အောင် တူးဆွနိုင်ရန် အသုံးပြုပါ။ ဤစနစ်တကျ တည်ဆောက်ခြင်းက သင့်အား ဘုရားသခင်၏နှုတ်ကပတ်တော်သမ္မာတရားကို ရှာဖွေတွေ့ရှိနိုင်အောင် လမ်းညွှန်ပေးလိမ့်မည်။ သမ္မာ ကျမ်းစာလေ့လာခြင်း၌ အလုပ်လုပ်သောသူတို့သည် မကြာမီ ကျမ်းပိုဒ်တွင် အစောပိုင်းက ပါရှိပြီးဖြစ်သော အကျိုးကျေးဇူးများအားလုံးကို မိမိတို့အဖို့ ရှာဖွေတွေ့ရှိလိမ့်မည်။ ၎င်းတို့၏ စိတ်၊ ဝိညာဉ်နှင့် နှလုံးသားတို့သည် နှုတ်ဖြင့်မြွက်ဆို၍ မရသော

အရာဖြင့် လွှမ်းမိုးခြင်း ခံရ လိမ့်မည်။

### 3D လေ့လာခြင်းအသေးစိတ်များ

**"စာပို့ဒ်"**သည် အနည်းငယ်သော စာပို့ဒ် သို့မဟုတ် အပို့ဒ် ဖြစ်သည်။ ဤအရာက သမ္မာ ကျမ်းစာအုပ်များကို စနစ်တကျ နှင့် ရာဇဝင်အလိုက် သင် လေ့လာသောအခါ၊ လိုအပ်သော နောက်တစ်ခု ဖြစ်သည်။ သမ္မာကျမ်းစာ တအုပ်လုံးကို ဖတ်ခြင်းက အလွန်ကောင်း ပါသည်။ ထို့ နောက်၊ ကျမ်းပို့ ဒ်၏ခေါင်းစဉ်များကို စေ့စေ့စပ်စပ်ဖြင့် တဖန် ပြန်ဖတ်ပါ။ နောက်ဆုံးဖြင့်၊ ကျမ်းပို့ဒ် သို့မဟုတ် အပို့ဒ်ခွဲကို အချိန် အနည်းငယ်ကြာအောင် ဖတ်ပါ။ ဤ အရာက သင့်အား မှန်ကန်သော သမ္မာကျမ်းစာအကြောင်းအရာကို ရှာတွေ့ စေလိမ့်မည် ဖြစ်သည်။

**"ရေးနည်းရေးဟန်"** သည် စာပေ၏ အမျိုးအစားခွဲခြားခြင်း ဖြစ်သည်။ သမ္မာကျမ်းစာ ထဲ၌၊ အမျိုးအစား ခွဲခြားခြင်းများမှာ - ပညတ်တရား၊ သမိုင်း ဆိုင်ရာဇာတ်လမ်းများ၊ ကဗျာ၊ ဉာဏ်ပညာအကြောင်း၊ ပရောဖက်ပြု ခြင်း၊ အနာဂတ်ဟောပြောခြင်း၊ သတင်းကောင်းနှင့် စာ စောင်တို့ ဖြစ်သည်။ အမျိုးအစားတစ်ခုစီတိုင်းသည် ဂရုတစိုက်လေ့လာခြင်းနဲ့ ထိုက်ပြသည်။ ဘာသာပြန်ဆိုခြင်းနှင့် ကျင့်သုံး ခြင်းတို့ မှန်ကန်နိုင်ရန် ရေးနည်းရေး ဟန်တို့သည် အလွန်အရေး ကြီးပါသည်။ ဤရိုးရှင်းသောခြေလှမ်းများသည် အလွန်အရေးပါသည်။ ဘုရားသခင်က "... ငါ လူတို့သည် ပညာနည်းသောကြောင့် ဆုံးရှုံးကြ၏..."ဟူ၍ မိန့်တော်မူသည်(ဟောရှေ ၄:၆)။

နောက်ဆုံးအနေဖြင့်၊ သင်သည် စစ်မှန်သောနှုတ်ကပတ်တော်ကို အလေးနက်ထား လေ့လာသောအခါ၊ သမ္မာကျမ်းစာအကြောင်းအရာစာပို့ဒ်ကို

ရိုသေလေးနက်ခြင်းနှင့် ဖတ်ရှု ပါ(၁ တိ
မော ၄:၁၃)။ ဤအရာက သင်္ဘာ ရှင်း
ပြချက်များ၊ စကားစုများ၊ ဖော်ပြချက်
များနှင့် ကျမ်းပိုဒ်ရှာသီရှိရန် မိန့်တော်မူ
ချက်များကို အာရုံပြုနိုင်ရန် အကူအညီ
ပေးလိမ့်မည်။

**ပထမ (လမ်းလျှောခြင်း)**

ပထမဦးဆုံးအနေဖြင့် ဆုတောင်း
ခြင်း၌ လမ်းလျှောပါ။ ဆုတောင်းခြင်းနှ
င့် သမ္မာကျမ်း စာလေ့လာခြင်းတို့သည်
အတူတကွ ရပ်တည်ကြသည်။ သန့်
ရှင်းသောဘုရားသခင်ထံ နှိမ့်ချစွာ
နှောင်တရနှင့် ရိုသေလေးမြတ်ခြင်းဖြင့်
ချဉ်းကပ်ပါ။ သို၍ဖြစ်သောအပြစ်များ
ကို ဝန်ချတောင်း ပန်၍၊ သန့်ရှင်းခြင်းခံ
ရပါစေ(၁ယော ၁:၉)။ ဘုရားသခင်ထံ
သင်္ဘာ သူ၏နှုတ်ကပတ်တော် ကို
သင်ကြားပေးရန် ဆုတောင်းပါ။ သန့်
ရှင်းသောဝိညာဉ်တော်အခန်းကဏ္ဍသည်
သမ္မာတ ရားကို သင်္ဘာ သင်ကြားပေး
ရန် ဖြစ်သည်(ယောဟန် ၁၄:၂၆)။
နှုတ်ကပတ်တော်ကို မှုတ် သွင်းသော
ဝင်းသန့်ရှင်းသောဝိညာဉ်တော်သည်
သင်္ဘာ ခရစ်တော်၏အကြောင်းအရာ
များ ကို သင်ကြားပေးလိမ့်မည် ဖြစ်
ပြီး၊ စစ်မှန်သောသမ္မာတရားအလုံးစုံထဲ
သို့ သင်္ဘာ ပို့ဆောင်ပေး လိမ့်မည်။
ဆုတောင်းခြင်းနှင့် သမ္မာကျမ်းစာ
လေ့လာခြင်းတို့ လျစ်လျူရှုခြင်းအားဖြ
င့် သန့် ရှင်းသောဝိညာဉ်တော်ကို မည်း
ငယ်စေပါနဲ့။ မှတ်သားချက်များနှင့်
ရှင်းလင်းချက်မှတ်စုတို့ကို လေ့လာရန်
ဆုတောင်းခြင်းနှင့် သမ္မာကျမ်းစာ
လေ့လာခြင်းတို့ကို မကျော်လိုက်ပါနဲ့။
ကိုယ်ပိုင် လေ့လာခြင်းပြီးနောက်၊ ၎င်း
မှတ်သားချက်များနှင့် ရှင်းလင်းချက်တို့
ကို ဖတ်ပါ။ ဤသို့ပြု လုပ်ခြင်းက
အတော်ဆုံးသော ပညာရှင်များနှင့် ကျမ်း
ကျင်သူတို့ကဲ့သို့ သင်္ဘာ စဉ်းစားတွေး
တောနိုင်အောင် အုံ့ဩဖွယ်ကောင်းစွာ
ဦးတည်စေလိမ့်မည်။ အဓိပ္ပာယ်ရှိသော
သမ္မာကျမ်းစာ လေ့လာခြင်းသည် အစဉ်

အမြဲ ဆုတောင်းခြင်းနှင့် အစပြုပါသ
ည်။

**ဒုတိယ (တူးဖော်ခြင်း)**

အရေးကြီးသောနှုတ်ကပတ်
တော်၏အဓိပ္ပာယ်ကို တူးဖော်ခြင်းသ
ည် သမ္မာတရားကို ဖော်ပြပေးလိမ့်မ
ည် ဖြစ်သည်။ စိန်များကို တူးဖော်ခြင်း
ကဲ့သို့ အဖိုးတန်သော အသိပညာကို ရှာ
ဖွေရန် အချိန်ယူရ၏။ ကျမ်းစာက "…
ပညာမရှိသောသူ၊ ခြေလျင်မြန်သောသူသ
ည် မှားယွင်း တတ်၏.."(သုတ္တံ ၁၉:၂)။

ကျမ်းပိုဒ်ကို ဖြည်းညှင်းစွာနှင့် ဂရု
တစိုက် ဖတ်ပြီး၊ သင်ဖတ်ရှုသော (လူ
တို့၊ နေရာ၊ အ ကြောင်းအရာ)တို့ကို
ခွဲခြားသတ်မှတ်ပါ။ အဓိကဇာတ်ရု
ပ်၏အတွေ့အကြုံ၊ အခြေအနေ၊ လှုပ်
ရှားမှုစသည်တို့ကို ဖော်ပြသော ကြိယာ
များကို ခွဲခြားသတ်မှတ်ပါ။ နောက်တစ်ခု
အနေဖြင့်၊ Holman Illystrated Bible
Dictionary သို့မဟုတ် Blueletterbible.org
for Clarification တို့ကဲ့သို့သော
အဘိဓာန်ကျမ်းစာရှိ ကြိယာများနှင့် နာမ်
များကို ကြည့်ရှုပါ။ အင်္ဂလိပ်အဘိ
ဓာန် က သမ္မာကျမ်းစာနဲ့ပတ်သက်သော
အဓိပ္ပာယ်နှင့် အကြောင်းအရာတို့ကို
သင့်အား ဖော်ပြပေးလိမ့် မည် မဟုတ်
ပေ။ ပြင်ပအဘိဓာန်စကားလုံး
များ၏အဓိပ္ပာယ်ရှင်းပြခြင်းထက်
သမ္မာကျမ်းစာ နဲ့ပတ်သက်သောအဓိပ္ပာယ်
ရှင်းလင်းချက်များကို သိရှိခြင်းသည်
ယနေ့ခေတ် နှုတ်ကပတ်တော် နဲ့
ပတ်သက်သော မှားယွင်းသောဘာသာ
ပြန်ဆိုခြင်းနှင့် ခံယူခြင်းတို့၌ သင့်ကို
အကာအကွယ် ပေးလိမ့်မည်။ ဥပမာ
အနေဖြင့်၊ "ချစ်ခြင်းမေတ္တာ"ဟူသော
စကားလုံးကို ယနေ့ခေတ်အဓိပ္ပာယ ် ဖွင့်
ဆိုခြင်းက ဘုရားသခင်၏နှုတ်ကပတ်
တော်ရှိ ချစ်ခြင်းမေတ္တာနဲ့ ကွဲပြားပါသ
ည်။ တူးဖော် ခြင်း၌ သင် အချိန်ယူ
လုပ်ဆောင်ပါ။

**တတိယ (မှတ်တမ်းတင်ခြင်း)**

သင်ရှာဖွေတွေ့ရှိသော သမ္မာတရားကို မှတ်တမ်းတင်ထားပါ။ သင်ရှာဖွေတွေ့ရှိသောအချက်များကို မှတ်တမ်းတင်ရေးချခြင်းက သမ္မာတရားအား သင်၏ဦးခေါင်းမှ စိတ်နှလုံး သားထဲသို့ တိုးဝင်စေမည်ဖြစ်သည်။ လေ့လာသင်ယူခြင်းမှ လေ့ကျင့်ခြင်းကို ကျော်လွန်၍ ကျွန်ုပ်တို့သည် ရိုက်နှိပ်ရမည် ဖြစ်သည်။ သင့် အသက်တာအဖို့ ကျမ်းပိုဒ်ကို မည်သို့ ခံယူရမည် နှင့် ၎င်း၏ပါဝင်ပတ်သက်ခြင်းများကို မည်သို့ဖော်ပြရမည်ကို တွေးတောပါ။ ဤအရာက အ စဉ်အမြဲ စီရင်ချက်ခြင်း ဖြစ်သည်။

ထို့ပြင်၊ ဘုရားသခင်၏အမိန့် တော်များကို သင်ကြားပေးရန် နှင့် တပည့်တော်ဖြစ်စေ ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် ကျွန်ုပ်တို့သည် မိန့် ကြားခြင်းခံရကြသည်(မဿဲ ၂၈:၁၈-၂၀)။ ကျွန်ုပ်တို့သည် ဉာဏ်ကို သာ ရရှိကြလျှင်၊ မာန်ကြီးခြင်းနှင့် ဒေါသဖြစ်ခြင်းတို့ ဖြစ်လာနိုင်သော ကြောင့် အလွန်အန္တရာယ်ရှိသည်။ “ဉာဏ်သည် ထောင်လွှားစေတတ်၏။ မေတ္တာမူကား တည် ဆောက်တတ်၏”ဟူ၍ ရှင်ပေါလုက ရေးသားထားသည်(၁ကော ၈:၁)။ ကျွန်ုပ်တို့သည် သင် ကြားတို့၌ ၌ ရည်ရွယ်ချက်ချက်ရှိရမည်။

ဧဇရသည် လိုက်နာရန် စံနမူနာ အကောင်းဆုံးဖြစ်သည်။ “အကြောင်းမူကား၊ ဧဇရ သည် ထာဝရဘုရား၏ တရားတော်ကို လေ့လာ၍ ကျင့်ကြံရန်၊ ဣသရေလအမျိုး၌ စီရင်ထုံးဖွဲ့ ချက်တို့ကို သွန်သင်ခြင်းငှာ ခိုင်မာစွာ ဆုံးဖြတ်ခဲ့၏”(ဧဇရ ၇:၁၀)။ သမ္မာတရားအား မှတ်တမ်း တင်ခြင်းသည် သင့်အား တပည့်တော်ဖြစ်စေခြင်းဟူသော မဟာစေခိုင်းချက်ကို လုပ်ဆောင် သော ခရစ်ယာန်တစ်ယောက် ဖြစ်လာစေရန် ဖြည့်တင်းပေးလိမ့်မည်။

ဤသည်မှာ သင်ကိုယ်တိုင်အတွက်

ဘုရားသခင်နှုတ်ကပတ်တော်ကို လေ့လာရာတွင် အထောက်အကူဖြစ်စေရန် 3D သမ္မာကျမ်းစာလေ့လာမှု စာတမ်း ဖြစ်သည်။

**3D သမ္မာကျမ်းစာလေ့လာခြင်းစာတမ်းသည် အတိုချုံးဖော်ပြချက်တစ်ခုအနေဖြင့် ဤစာအုပ်၏ နောက်ဆုံးအပိုင်း၌ ထည့်သွင်းထားသည်။**

**3D သမ္မာကျမ်းစာလေ့လာခြင်းစာတမ်း လွယ်ကူစွာ ပို့နှိပ်ထုတ်၍ ကူးယူနိုင်ရန်**
-

**https://beulahbaptistwg.org/wp-content/uploads/3d-bible-study-sheet.pdf**

**ဝက်ဆိုဒ်သို့ သွားရောက် ကူးယူနိုင်သည်။**

**3D သမ္မာကျမ်းစာလေ့လာခြင်းစာတမ်း(3D Bible Study Sheet)**

**စာပို့ဒ်**
**-.....**
**အမျိုးအစား-**
**.....**

**ရက်စွဲ - .....**

"...သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါတပည့်အမှန် ဖြစ်ကြ၏။"(ယော ဟန် ၈:၃၁)

"... သင်၏ဘုရားသခင်တရားကို သင်လေ့ကျက်သည်အတိုင်း၊ ယုဒပြည်ယေရုရှလင်မြို့၌ တရားမျှတမှုများကို မေးမြန်းစစ်ဆေးစေခြင်းငှာ.."(ဧဇရ ၇:၁၀)။

**ပထမ (လမ်းလှဲခြင်း)**

**ဆုတောင်းခြင်းကို ပြုလုပ်ပါ။ ထို့နောက်၊ စေ့စေ့စပ်စပ်နှင့် ထပ်တလဲလဲ**

**ကျမ်းပိုဒ်ကို ဖြည်း ညှင်းစွာ ဖတ်ပါ။**

အဖဘုရား...၊ ကျွန်ုပ်တို့အား ခွင့် လွှတ်တော်မူပါ(၁ယော ၁:၉)၊ ကျွန်ုပ်တို့အား သွန် သင်တော်မူပါ(ယောဟန် ၁၄:၂၆)။

**ဒုတိယ (တူးဖော်ခြင်း)**

**နာမ်များကို လေ့လာမှတ်သားပါ**
(သမ္မာကျမ်းစာ အဘိဓာန်)

**ကြိယာများကို ရွေးထုတ်ပါ**(အလေးထား သောအချက်ကို ရည်ညွှန်းပါ)

**ရည်ညွှန်းချက်များကို ဖတ်ပါ**( သမ္မာကျမ်းစာ ဝေါဟာရများ/အကွာရာများ)

**ထပ်ဆင့်အသုံးပြုထားသော စကားလုံးများကို မှတ်သားထားပါ**( အဓိက ဆိုလိုရင်းကို ဖော်ပြ ပါ)

**တတိယ (မှတ်တမ်းတင်ခြင်း)**

A. **အဓိကဆိုလိုရင်းကို ရှာဖွေပါ**( ကျမ်းပိုဒ်ကို ပို၍ ဖတ်ပါ၊ ထို့နောက် အဓိကအချက် ကျသော ထင်မြင်ချက်ကို ရှာဖွေပါ)။

B. **ကျမ်းပိုဒ်ကို ရှင်းပြပါ**( အချက်အလက်များသည့် မည်သည့် အရာများ ဖြစ်သနည်း? အကြောင်းအရာရှိ ကျမ်းပိုဒ်ကို ရှာဖွေ လေ့လာပါ)။

C. **ကျမ်းပိုဒ်ကို ဘာသာပြန်ဆိုပါ**( ဤဆိုလိုခြင်း၏အဓိပ္ပာယ်မှာ မည်သည့်အရာဖြစ် သနည်း? မည်သည့်အရာကို ရည်ညွှန်းဖော်ပြ ထားသနည်း?)

D. **သမ္မာတရားကို ခံယူပါ**( ဤအရာကို ကျွန်ုပ်သည် မည်သို့ လေ့ကျင့်ရမည်နည်း?)

E. **ပါဝင်ပတ်သက်ခြင်းများကို ဖော်ပြပါ**( ဤအရာကို ကျွန်ုပ်သည် လေ့ကျင့်ခြင်းမရှိ လျှင်၊ မည်သည့်အရာ ဖြစ်ပျက်မည်နည်း?)


F. **ပုံဖော်သာဓက ပြသပါ**(ဤသမ္မာတရားကို အခြားသောကျမ်းပိုဒ်များက မည်သို့ ဖော်ပြထားကြသနည်း? ၊ ရည်ညွှန်းချက်များ နှင့် ဝေါဟာရများကို အသုံးပြုပါ)

G. **ကာကွယ်ပါ**( သမ္မာတရားကို ဆန့်ကျင်သောသူတို့အား ချေပခြင်း ဖြင့် ၎င်းသမ္မာတ ရားအား ခုခံကာကွယ်ပါ)

**အဓိကဆုတောင်းချက် - သမ္မာကျမ်းစာ**

"ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုငဲ့၊ သန့်ရှင်းသူတို့ သည် ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုငဲ့၊ ယုံကြည်သော ငါတို့၌ ပြတော်မူသော အလွန်ကြီးလွန်းသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငဲ့၊ သင်တို့သည် သိစေခြင်းငှာ၊ သင်တို့၏ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း ဆုတောင်းပဌာနာပြု၏။" **ဧဖက် ၁:၁၈-၁၉**

## မှတ်သားချက်များ




**ပဥ္စမခြေလှမ်း - တုတ်တံ**

အဖွဲ့လိုက်ပြုင်ပွဲ၌၊ အပြေးသမားက သူ၏တုတ်တံကို အခြားအပြေးသမား တစ်ဦး အား ပြုင်ပွဲဆက်လက်ရှင်ပြန်နိုင်ရန် ဂရုတစိုက် ပေးကမ်းရပါသည်။ ဤလက်ကမ်းပေးခြင်း သည် ပြုင်ပွဲပြီးဆုံးသည်အထိ ထပ်တလဲလဲ လုပ်ဆောင်ရမည် ဖြစ်သည်။

ကောင်းကင်သို့ မတက်ကြွမီ၊ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်က သူ၏ တပည့်တော်များအား အောက်ပါကျမ်းပိုဒ်ကို ပြောကြားခဲ့သည်-

*“ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌ ၎င်း၊*

*မြေကြီးပေါ်၌ ဦးဏှောင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံး မသြဝါဒပေးကြလော့။ ငါသည် လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။" (မဿဲ ၂၈:၁၈-၂၀)။*

ဤမိန့်ကြားချက်ကို ကျွန်ုပ်တို့သည် မဟာစေခိုင်းချက်အဖြစ် ဖော်ပြထားကြသည်။ ဤစေခိုင်းချက်တွင်၊ ခရစ်တော်က ကျွန်ုပ်တို့အား သူ၏ဧဝံဂေလိစီမံကိန်းကို ဆက်လက်၍ ထမ်းဆောင်ရန် အမိန့်ပေးထား၍ ပုံအပ်ထားပါသည်။ ဘုရားသခင်နှင့် ကျွန်ုပ်တို့အား ပြန် လည်သင့်မြတ်စေပြီး ပြန်လည်သင့်မြတ်ခြင်းသာသနာလုပ်ငန်းကို ဆောင်ရွက်နိုင်ရသောအ ခွင့် ပေးသနားသော ကျွန်ုပ်တို့၏ကယ်တင်ရှင် ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် နီးကပ်စွာ ပေါင်းစည်းထားကြသည်။

တပည့်တော်များသည် ခရစ်တော်၏ ခြေလှမ်းလျှောက်ခဲ့အတိုင်း တပည့်တော်ဖြစ် စေခြင်းအား လုပ်ဆောင်နိုင်ရန် "သူ၏တုတ်တံ"အား ကျွန်ုပ်တို့ကို လိုအပ်ချက်အနေဖြင့် ပေးကမ်းထားပါသည်။

ခရစ်တော်၌ရှိသောသူတိုင်းသည် အသစ်ပြုပြင်သောသတ္တဝါဖြစ်ကြသည်ဟု ရှင်ပေါ လုက ရေးသားထားသည်(၂ကော ၅:၁၇)။ ခရစ်တော်၌အသစ်ပြုပြင်သောသတ္တဝါဖြစ်ခြင်း အပိုင်းဆိုသည်မှာ ကျွန်ုပ်တို့ ၌ အသစ်သော သာသနာလုပ်ငန်း သို့မဟုတ် အသစ်သောရည် ရွယ်ချက်တို့ လုပ်ဆောင်ရ

နော် ရှိကြခြင်း ဖြစ်သည်။

ရှင်ပေါလုသည် ဤအသစ်သော ရည်ရွယ်ချက်အား အောက်ပါကျမ်းပိုဒ်၌ ရှင်းပြ ထားပါသည်-

"ထိုသို့ဖြစ်သော် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဖြစ်ကြ၏။ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ငါတို့၏ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိသားဟာယဖွဲ့စေတော်မူ၏။ ထို မိသားဟာယတရားကို ဟောရသော အခွင့်အရာကို ငါတို့၌ အပ်ပေးတော်မူ၏။ ထိုတရားဟူမူ ကား၊ ဘုရားသခင်သည် ခရစ်တော် အထဲ၌ ရှိနေလျက်၊ လောကီသားတို့၏ အပြစ်များကိုမှတ် တော်မမူ၊ ရန်ကို ငြိမ်းစေ၍ ကိုယ်တော်နှင့် မိသားဟာယဖွဲ့စေတော်မူ၏။ ထို့မိသားဟာယတ ရားကို လည်း ငါတို့၌ အပ်ပေးတော်မူ၏။ ထို့ကြောင့် ငါတို့သည် ခရစ်တော်၏သံတမန် ဖြစ် ကြ၏။ သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့်မိသားဟာယဖွဲ့ကြလော့ဟု ဘုရားသခင်သည် ငါတို့အား ဖြင့် နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ကိုယ်စားဖြစ်၍ သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏။"(၂ကော ၅:၁၈-၂၁)

နောက်ခြေလှမ်းစာအုပ်ထဲ၌၊ ယုံကြည်ခြင်း၊ ရေနှစ်ခြင်းမင်္ဂလာ ၊ ပိုင်ဆိုင်ခြင်းနှင့် သ မ္မာကျမ်းစာ ၏ ခြေလှမ်းများကို လေ့လာဖတ်ရှုခဲ့ပြီး ဖြစ်သည်။ ရင့်ကျက်သောယုံကြည်သူ တစ်ဦးဖြစ်ရန်၊ ယုံကြည်ခြင်း၌ ရှိသော ဖခင်သမ္မဟုတ် မိခင်၊ ကျွန်ုပ်တို့က ပြန်လည်မျိုးဟား နိုင်ရမည် ဖြစ်သည်။ ဤအရာက နောက်ခြေလှမ်းတစ်ခု ဖြစ်သော တုတ်တံ၏ အကြောင်း အလုံးစုံ ဖြစ်သည်။ တပည့်တော်ဖြစ်စေခြင်းဆိုသည်မှာ ပြန်လည်မျိုးဟားခြင်း သမ္မဟုတ် တုတ်တံလက်ဆင့်ကမ်းပေးခြင်း ဖြစ်သည်။

သို့သော်၊ ကျွန်ုပ်တို့သည် မည်သို့

တပည့်တော်ဖြစ်စေခြင်းအမှုကို
ဆောင်ရွက်ကြ မည်နည်း?

**မဿဲ ၂၈:၁၈-၂၀ ကို တဖန် ပြန်ဖတ်ပါ။**

ပထမအနေဖြင့်၊ ကျွန်ုပ်တို့သည် "သွား"ရမည် ဖြစ်သည်။ ခရစ်တော်သည် ဤလော ကသို့ အပြစ်သားများကို ကယ်တင်ဖို့ရန် ဆင်းကြွလာခဲ့သကဲ့သို့၊ အသင်းတော်သည်လည်း လောကီနိုင်ငံသို့သွားခြင်း နှင့် တပည့်တော်ဖြစ်စေခြင်း သာသနာလုပ်ငန်းဌာန တာဝန်ရှိကြပါ သည်။ အသင်းတော်သည် မိမိတို့အသင်းသားများ၏သက်သေခံခြင်းအားဖြင့် နှင့် သာသနာ လုပ်ငန်းလုပ်ဆောင်ခြင်းအားဖြင့် ဤအချက်ကို နားခံနိုင်ပါသည်။

သင်၏နေ့စဉ်အသက်တာ၌၊ နေရာတိုင်းတွင် သတင်းဟောပြောခြင်းနှင့် တပည့် တော်ဖြစ်စေခြင်း အခွင့်လမ်းများ ရှိပါသည်။ ဘုရားသခင်သည် သင်၏မိသားစုအသိုင်းအဝိုင်း၊ မိတ်ဆွေများ၊ အလုပ်နေရာ နှင့် အသင်းအဖွဲ့တွင် ခရစ်တော်၏သံတမန်ဖြစ်ရန် ကိုကောင်း ထောက်မစွာ သင့်အား နေရာချထားပါသည်။

သင်၏အသက်တာ၌ ခရစ်တော်၏ကယ်တင်ခြင်းသတင်ကောင်းအား လူတို့ထံသို့ ဟောပြောရန် နှင့် ၎င်းတို့အား ခရစ်တော်၏ခြေလှမ်းအတိုင်း လိုက်လျှောက်စေရန် ဆက်နွယ် နေသော လူတို့ရှိနိုင်ပါသည်။

ဒုတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် "တပည့်တော်ဖြစ်စေခြင်း"ကို လုပ်ဆောင်ဖို့ရန် ဖြစ်ကြသည်။ ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကို နှုတ်၍ အသားနှလုံးကို ပေးနိုင်သူမှာ ဘုရားသခင်တစ်ပါးသာ ဖြစ်သောကြောင့်၊ ဤအရာက ကျွန်ုပ်တို့အတွက် မဖြစ်နိုင်သ

ကဲ့သို့ ရှိ နိုင်သည်(ယေဇ ၃၆:၂၆)။ ဘုရားသခင်သာလျှင် နောင်တတရား၊ ယုံကြည်ခြင်းနှင့် အသစ် တဖန်မွေးဖွားခြင်းတို့ကို လုပ်ဆောင်နိုင်ပြီး၊ သူသာလျှင် အသစ်သောမွေးဖွားခြင်းကို ဖြစ်ပွား စေနိုင်သည်။

သိုသော်ငြားလည်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြော ခြင်း၌ သစ္စာရှိရမည် ဖြစ်သည်။ "...ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြား နာခြင်းသည်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ဖြစ်၏။"ဟူ၍ ရေးသားထား ပါသည်(ရောမ ၁၀:၁၇)။ ရှင်ပေါလုက "သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပဌနာ ပြုနိုင် မည်နည်း။ သိတင်းမကြားလျှင်၊ အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသော သူမရှိ လျှင် အဘယ်သို့ ကြားနိုင်မည်နည်း။"ဟူ၍ မှန်ကန်စွာ မေးခွန်းထုတ်ထားပါသည်(ရောမ ၁၀ :၁၄)။

"... ဘုရားသခင်သည် ငါတို့အားဖြင့် နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့၊ ငါတို့ သည် ခရစ်တော်၏သံတမန်ဖြစ်ကြ၏" ဟူသော ကျမ်းပိုဒ်ကို မှတ်သားပါ(၂ကော ၅:၂၀)။ ခရစ်တော်သည် ကောင်းကင်ဘုံ၌ရှင်း၊ မြေကြီးပေါ်၌ရှင်း အခွင့်အာဏာအလုံးစုံတို့ကို ပိုင် ဆိုင်ထားပြီး၊ သူသည် ကျွန်ုပ်တို့နှင့်အတူ အစဉ်အမြဲ အတူပါရှိနေပါသည်(မဿဲ ၂၈:၁၈-၂၀)။ သူ၏အမှုတော်လုပ်ငန်းသည် မည်သည့်အခါမျှ ကျရှုံးခြင်း ရှိလိမ့်မည် မဟုတ်ပေ။

တတိယအနေဖြင့်၊ ကျွန်ုပ်တို့သည် "လူတို့အား ရေနှစ်ခြင်းမင်္ဂလာပေးခြင်းနှင့် ခရစ် တော်၏နောက်သို့ လိုက်ရန် သင်ကြားပေးခြင်း" အလုံးစုံသောမိန့်တော်မူချက်ဖြင့် တပည့်တော်ဖြစ်စေခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်ပါသည်။

တမန်တော်ရှင်ပေါလုသည် ဖေဖက်မြို့အသင်းတော်ကို တပည့်တော်ဖြစ်စေခဲ့သည်။ အသင်းတော်ကလည်း သူ့ကို အလွန်ချစ်ခင်ကြသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် နက် ရှိုင်းစွာဖြင့် အသင်းတော်အား သင်ကြားပေးသောကြောင့် ဖြစ်သည်။ ရှင်ပေါလုက "ဘုရား သခင်၏အလုံတော်ကို သင်တို့အား အကုန်အစင် ဟောပြောပြသခြင်း အမှုကို ငါသည်မလွဲမ ရှောင်ဘဲ ပြုခဲ့ပြီ" (တမန် ၂၀:၃၁)။

လူတို့အား တပည့်တော်ဖြစ်စေခြင်းဌ အလျင်စလို မလုပ်ဆောင်ပါနဲ့။ ရှင်ပေါလုက ဖေဖက်အသင်းတော်အား နေ့နှင့်ည သုံးနှစ်ကြာအောင် သည်းခံစွာဖြင့် သွန်သင်ပေးခဲ့သည်( တမန် ၂၀:၃၁)။ တပည့်တော်ဖြစ်စေခြင်း သာသနာသည် အချိန်တစ်ခု လိုအပ်သည်။

**အကယ်၍ ကျွန်ုပ်တို့သည် တပည့်တော်ဖြစ်စေခြင်းကို မလုပ်ဆောင်နိုင်လျှင် မည် သို့ ဖြစ်မည်နည်း?**

တပည့်တော်ဖြစ်စေခြင်းသည် အလွန်အရေးကြီးပါသည်။ လောကီဘာသာတရား ဖြစ်သော လူအဓိကပြုဝါဒ/မနုဿဝါဒဆိုသည်မှာ လွဲကျွင့် သင်ကြားပေးခြင်းနှင့် ၎င်း၏ဘာသာပြောင်းသူများကို ထိန်းသိမ်းခြင်း ဖြစ်သည်။ လူအဓိကပြုဝါဒသည် ခပ်သိမ်းသောအရာအားလုံး၏အလယ်ဌ လူသားကို ဗဟို ပြု၍ ထားကြသည်။ အကယ်၍ ၎င်း ဝါဒလမ်းကြောင်း သည် မှန်ကန်မှုရှိနေလျှင်၊ ထို့အရာက အန္တတန်ခိုးရှင်ဘုရား သခင်၏ပလွင်အား စောကားဖွဲ့ ကြိုးစားနိုင်ပြီး၊ မိမိ၏နိုင်ငံတော်ကို တည်ထောင်ရန် ကြိုးပမ်းလိမ့်မည်။

လူအဓိကပြုဝါဒသည် ယနေ့ခေတ်တွင် ထင်ရှားသောဘာသာတရား ဖြစ်သည်။ ၎င်းသည် ကမ္ဘာအနှံ့သို့ ပျံ့နှံ့ပြီး ဖြစ်သည်။ ဤဝါဒသည် အစိုးရ၊ အစိုးရကျောင်းစနစ်များနှင့် အမေရိကရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်း အများစု၏ အတွေးအခေါ်ကို မောင်းနှင်ပေး ပါသည်။ လူအဓိကပြုဝါဒီသည် ဘုရားမဲ့ဝါဒီများ၊ သဘာဝဝါဒီများ၊ ဆင့်ကဲဝါဒီများ၊ ဆွေမျိုး ဉာတိများ၊ စကြာဝဠာဝါဒီများနှင့် ဟဒိုဝါဒီများကို လွှမ်းမိုးပြုစုပျိုးထောင်ပေးလျက်ရှိကြ သည်။

လူအဓိကပြုဝါဒသည် လူသားအားအရာခပ်သိမ်း၏ အတိုင်းအတာတစ်ခု ဖြစ်လာ ရန် ကြိုးပမ်းကြသည်။ လူအဓိကပြုဝါဒ၏နိုင်ငံရေးနှင့် ပညာရေး လွှမ်းမိုးမှုသည် ဘဝ၏နယ် ပယ်အားလုံးကို ထိုးဖောက်ဝင်ရောက်ခဲ့သည်။ အကျင့်ပျက်မှုကို အတည်ပြုရန်နှင့် မြှင့်တင် ရန် မျိုးဆက်သစ်များ အပေါ် ကြီးမားသောဖိအားများ ရှိသည်။

ဤကြိုးစားခြင်းက ခရစ်တော်အား နေရာမှဖယ်ရှားအောင်ပြုလုပ်ကြသည်ကို သင် မြင်တွေ့ပါသလား? “စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင်ကို ရိုသေခြင်းရှိကြလော့။ သင် တို့မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူရှိသမျှတို့အား၊ နူးညံ့သောသဘော၊ ကြောက်ရွံ့သောသဘောနှင့် ပြန်ပြောခြင်းငှာ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့” (၁ ပေ ၃:၁၅)။

ဘုရားသခင်၏ နှုတ်ကပတ်တော်၌ လေ့ကျင့်ခြင်းမရှိလျှင် ဤအရာက အဘယ်သို့ ပြီးမြောက်နိုင်မည်နည်း?

လောကလူ့အဖွဲ့အစည်းသည် ဇာတိသဘောကို နှစ်သက်၍ ခရစ်တော်နှင့်

သူ၏အ သင်းတော်အား ဆန့်ကျင်တိုက်ခိုက်ရန် တည်ရှိကြသည်။ ဤအရာက ခရစ်ယာန်ဘာသာကို အမြဲတမ်းပယ်ရှားပြီး၊ အသင်းတော်ကို အဆုံးမြင်အလင်းများ ခြယ်မှုန်းထားကြသည်။

ကျွန်ုပ်တို့၏သား/သမီးများ ဤလောကကိစ္စအားဖြင့် သွေးဆောင်ခြင်းနှင့် လက် သပ်မှေးခြင်းမခံရရန် နှင့် လူအဓိကပြဿဒါဒီမဖြစ်လာနိုင်ရန် ကျွန်ုပ်တို့ မည်သို့ ပြုလုပ်သင့်သ နည်း?

လူငယ်လူရွယ်များသည် သူတို့လောကီမိတ်ဆွေများ၏ယဉ်ကျေးမှုပုံစံလမ်းကြောင်း များကို လက်ခံခြင်းမရှိအောင် မည်သို့ပြုလုပ်သင့်သနည်း?

မိမိသား/သမီးများကို ပိုင်ဆိုင်သည်ဟု ယူဆချက်များကို မိဘများက မည်သို့ဆန့် ကျင်၍ ရပ်တည်သင့်သနည်း?

ကျွန်ုပ်တို့၏အသင်းတော်များသည် ဤလောက၏လမ်းစဉ်နောက်သို့ မလိုက်ပါရ အောင် မည်သို့ ပြုလုပ်သင့်သနည်း?

**ဤအချက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌ တစ်စုံတစ်ဦးက တစ်စုံ တစ်ယောက်အား သွန်သင်ပေးခြင်းအားဖြင့်သာ ဖြစ်နိုင်သည်။**

**ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်တွင်တိုက် လက်ဆင့်ကမ်းပေးရမည် ဖြစ်သည်။**

သတိထားရမည့်စကားတစ်ခု ရှိပါသည်။ ကောရိန္သုအသင်းတော်သည် မည်သူ၌သာ လွန်သော သင်ကြားဆရာပိုင်ဆိုင်ခြင်းနှင့်ပတ်သက်၍ စကားများရန်ဖြစ်ခြင်းအပေါ်၌ ရှင်ပေါ်လုက တည့်မတ်ပေးခဲ့သည်။ ပေတရု၊ အာပေါလု သို့မဟုတ် ပေါလုတို့၏တပည့်ခံပြီး နှစ်ခြင်း မင်္ဂလာခံယူခြင်းအပေါ် အချို့က ကြွားလုံး

ထုတ်ကြသည်။ ဤအရာက အသင်း
တော်၌ ကွဲလွဲ မှုကို ဖြစ်စေသည်။

**၁ကော ၁:၁၁-၁၃ ကို ဖတ်ပါ။**

အဆုံးစွန်အားဖြင့်၊ ကျွန်ုပ်တို့သည်
ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်
သန့်ရှင်း သောဝိညာဉ်တော်အားဖြင့်
သွန်သင်ခြင်းကို ခံရပါသည်။

"...သန့်ရှင်းသောဝိညာဉ်တော်သ
ည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို
ပြသ သွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှ
သော စကားတို့ကို မှတ်မိသောဉာဏ်ကို
သင်တို့အား ပေး တော်မူ၏"ဟူ၍
ခရစ်တော်က တပည့်တော်များအား ဂတိ
ပေးခဲ့သည် (ယောဟန် ၁၄:၂၆)။

ခရစ်တော်၏ဝိညာဉ်တော်သည်
ကျွန်ုပ်တို့နှင့်အတူ ထာဝရအတူရှိတော်မူ
မည် ဖြစ် သည်(ယောဟန် ၁၄:၁၆)။

"...သမ္မာတရားနှင့်ပြည့်စုံသော ထို
ဝိညာဉ်တော်သည် ရောက်လာသော
အခါ၊ သ မ္မာတရားကို သင်တို့အား
အကြွင်းမဲ့ သွန်သင်ပြလိမ့်မည်။ ...
ထိုသူသည် ငါနှင့်စပ်ဆိုင်သော အရာကို
ယူ၍ သင်တို့အား ဘော်ပြလိမ့်မည်"
(ယောဟန် ၁၆:၁၃-၁၄)။

ခရစ်တော်၏ဂတိတော်များသည်
မည်သည့်အခါမျှ မကျရှုံးပါ။

ဤနောက်ခြေလှမ်းစာအုပ်ငယ်သ
ည် ကယ်တင်သတင်းကောင်းဖြစ်သော
တုတ်တံ ကို လက်ဆင့်ကမ်းပေးခြင်းနှ
င့် တပည့်တော်ဖြစ်စေခြင်းကို
ဆောင်ရွက်နိုင်ရန် သင့်အဖို့ နည်း
လမ်းတစ်ခု ဖြစ်ပါသည်။ မဟာစေခိုင်း
ချက်ဆိုသည်မှာ တပည့်တော်ဖြစ်စေ
ခြင်းလုပ်ငန်း ဖြစ် သည်။


ဂုဏ်ယူပါတယ်။ ဘာကြောင့်လဲဆို
တော့၊ ဤတပည့်တော်ဖြစ်စေခြင်း

စာအုပ်ငယ်ကို ပြီးစီးသောကြောင့်ဖြစ်သည်။ အခြားသူများအား ဂရုတစိုက်နှင့် ဆုတောင်းခြင်းဖြင့် ခရစ်တော်၏နောက်သို့ လိုက်ရန်နှင့် ဤစာအုပ်ငယ်နှင့်အတူ "ငါ့စကား၌ တည်ကြလော့"ဟူသော ခရစ်တော်၏အမိန့်တော်ကို နာခံရန် နှင့် စစ်မှန်သော ခရစ်ယာန်ဖြစ်ခြင်းကို ဝမ်းမြောက်ဝမ်းသာစွာ ပျံ့ပွားနိုင်ရန် မေးမြန်းခြင်းကို ပြုလုပ်ပါ။

**အဓိကဆုတောင်းချက် - တုတ်တံလက်ဆင့်ကမ်းခြင်း**

"ငါတို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲကို သိခြင်း၏အမှောင်းအကြိုင်သည် ငါတို့အားဖြင့် အရပ်ရပ်တို့၌ နံ့ပြားစေခြင်းငှာငင်း၊ ပြုတော်မူသောဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခြင်းရှိစေသ တည်း။" **(၂ကော ၂:၁၄)**

## မှတ်သားချက်များ


3D Bible Study Sheet
"If you continue in My Word, then you are truly My disciples." - John 8:31
The goal is to Study, Practice, and Teach God's Word. - Ezra 7:10
1 DIVERT
Pray; then read the text slowly, thoughtfully, and repeatedly.
Lord.., forgive us (1 John 1:9) and teach us (John 14:26).
2 DIG
Study nouns (Bible Dictionary)
Identify verbs (Indicates emphasis)
Read references (Bible Concordance)
Note repeated words (Reveals theme)
3 DOCUMENT
A. Find the theme: (Read the text some more and find the Central Idea.)
B. Explain the text (What are the facts? Observe the text in context.)
C. Interpret the text (What does this mean? What is being pointed out?)
D. Apply the truth (How do I practice this?)
E. State implications (What will happen if I don't practice this?)
F. Illustrate (What other passages teach this?)
G.Apologetic (Defend the truth by refuting the opposition.)
© 2023 Dr. Casey A. Butner | All rights reserved

**3D DETAILS.** The "Text" is the small paragraph or passage that is next as you systematically and chronologically study through Bible books. It's best to read the whole book first. Then read the first chapter again, thoroughly. Finally, read the paragraph a few times. This will keep the content you discover within the right context of Scripture.

A "Genre" is a classification of literature. In the Bible, the classifications are Historical Narrative, Law, Poetry, Wisdom, Prophecy, Apocalyptic, Gospel, and Epistle. Each merits some study. It is important to know the genre so that the interpretation and application is correct. These simple steps are vital. "My people are destroyed for lack of knowledge." (Hosea 4:6)

Finally, read the text out loud with a respectful weightiness as you emphasize the right words. (1 Tim. 4:13)

**1 DIVERT.** Divert to prayer first. Prayer and Bible Study belong together. Humbly approach our Holy God with reverence and repentance. Confess known sin and be cleansed of it. (1 John 1:9) Ask God to teach you His Word. The Holy Spirit's role is to teach you Truth. (John 14:26) Don't usurp Him by skipping to study notes or commentary. Read those after your own study. It will be incredible to see this process lead you to think with the best scholars and theologians. Meaningful Bible study starts with prayer.

**2 DIG.** Digging into the meaning of important words will reveal truth. It takes time to find valuable knowledge. "It is not good for a person to be without knowledge, and he who hurries his footsteps errs" (Proverbs 19:2). Read the text carefully and slowly, identifying the nouns (people, places, things) as you read. Next, look up the nouns in a "Bible" Dictionary. An "English" Dictionary will not give you the Biblical meaning nor Scripture references. Knowing the Biblical meaning rather than the American meaning of words will protect from misinterpretations. Guard against applying our culture or context to words in the Scripture. For example, the American world view and definition of "love" is tragically different from God's Word. Reading the references is clarifying. Remember, context determines the meaning of words. The Holman Illustrated Bible Dictionary is recommended. Blueletterbible.org has free study tools online including Bible dictionaries, concordances, and word studies; however, a hard copy will eliminate unnecessary distractions. Take your time and enjoy your digging!

**3 DOCUMENT.** Document the truths you find. Writing out your own document moves the truth from your head to your heart. We must press beyond "studying" to "practicing". Step "E" is always convicting! Furthermore, we are commanded to make disciples and "teach" God's commands (Mt. 28:18-20). In fact, if we only obtain knowledge there's a risk of becoming prideful and puffed up. "Knowledge makes one conceited, but love edifies people" (1 Cor. 8:1). We must be intentional about teaching. Ezra is a great example. "For Ezra had set in his heart to "study" the law of the Lord and to "practice" it, and to "teach" His statutes (Ezra 7:10). Preparing your own document will equip you to be a great commission Christian who makes disciples.